သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

# ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲရေး ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ



၂၀၁၈ ခုနှစ်၊ မတ်လ

# Standard Operating Procedures for Promotion of Fuelwood Substitutes Utilization

# ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲခြင်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလူထုပညာပေးဟောပြောပွဲဆောင်ရွက်ခြင်း | ၁ | ၁ |
| | လုပ်ငန်းစဉ်-၁။ ဟောပြောမည့်ကျေးရွာများအား စိစစ်၍ စီမံချက်ရေးဆွဲခြင်း | ၁ | ၁ |
| | လုပ်ငန်းစဉ်-၂။ ဟောပြောပွဲဆောင်ရွက်ရန်ကြိုတင်ပြင်ဆင်ရမည့် အချက်များ ဆောင်ရွက်ခြင်း | ၁ | ၂ |
| | လုပ်ငန်းစဉ်-၃။ ဟောပြောပွဲအထောက်အကူပြု/သရုပ်ပြပစ္စည်းများ ပြင်ဆင်ခြင်း | ၂ | ၃ |
| | လုပ်ငန်းစဉ်-၄။ ဟောပြောပွဲ အောင်မြင်စေရေး ကြိုတင်စည်းရုံးဆောင်ရွက်သင့်သောလုပ်ငန်းများ ဆောင်ရွက်ခြင်း | ၄ | ၄ |
| | လုပ်ငန်းစဉ်-၅။ ဟောပြောဆောင်ရွက်မည့်သူများမှ လိုက်နာရမည့် အချက်များ | ၄ | ၅ |
| | လုပ်ငန်းစဉ်-၆။ ပြန်လည်ဆန်းစစ်သုံးသပ်ခြင်း | ၅ | ၅ |
| | လုပ်ငန်းစဉ်-၇။ ဟောပြောရမည့်အချက်အလက်များပြင်ဆင်ခြင်း | ၅ | ၇ |
| | လုပ်ငန်းစဉ်-၈။ လုပ်ငန်းပြီးစီးကြောင်းအစီရင်ခံစာပေးပို့ခြင်း | ၇ | ၈ |
| ၂ | တိုးချဲ့ပညာပေးစခန်းများဖွင့်လှစ်ပြသခြင်း | ၉ | ၉ |
| | လုပ်ငန်းစဉ်-၁။ ဟောပြောရမည့်အကြိမ်ရေနှင့် အစီအမံဆောင်ရွက်ခြင်း | ၉ | ၁၁ |
| | လုပ်ငန်းစဉ်-၂။ ဟောပြောပွဲဆောင်ရွက်ရန်ကြိုတင်ပြင်ဆင်ရမည့် အချက်များ ဆောင်ရွက်ခြင်း | ၁၁ | ၁၁ |
| | လုပ်ငန်းစဉ်-၃။ ဟောပြောပွဲအထောက်အကူပြု/သရုပ်ပြပစ္စည်းများ | ၁၂ | ၁၃ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | လုပ်ငန်းစဉ်-၄။ ဟောပြောပွဲ အောင်မြင်စေရေး ကြိုတင်စည်းရုံး ဆောင်ရွက်သင့်သောလုပ်ငန်းများ | ၁၃ | ၁၃ |
| | လုပ်ငန်းစဉ်-၅။ ဟောပြောဆောင်ရွက်မည့်သူများမှ လိုက်နာရမည့် အချက်များ | ၁၃ | ၁၄ |
| | လုပ်ငန်းစဉ်-၆။ လမ်းညွှန်မေးခွန်းများဖြင့် ကိုယ်တိုင်ပါဝင်ဆွေးနွေး နိုင်ရေးဆောင်ရွက်ခြင်း | ၁၅ | ၂၀ |
| | လုပ်ငန်းစဉ်-၇။ ဟောပြောရမည့်အချက်အလက်များပြင်ဆင်ခြင်း | ၂၂ | ၂၃ |
| | လုပ်ငန်းစဉ်-၈။ လုပ်ငန်းပြီးစီးကြောင်းအစီရင်ခံစာပေးပို့ခြင်း | ၂၃ | ၂၅ |
| ၃ | ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာတည်ထောင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်အလိုက် လိုက်နာလုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်း | ၂၆ | ၂၆ |
| | လုပ်ငန်းစဉ်-၁။ စံပြကျေးရွာတည်ထောင်ရာတွင် ပါဝင်ရမည့် စံနှင့် အညွှန်းများ (C&I) သတ်မှတ်ခြင်း | ၂၆ | ၂၉ |
| | လုပ်ငန်းစဉ်-၂။ စံပြကျေးရွာများကွင်းဆင်းရွေးချယ်သတ်မှတ်ခြင်း | ၃၀ | ၃၀ |
| | လုပ်ငန်းစဉ်-၃။စံပြကျေးရွာတည်ထောင်ရာတွင်လိုက်နာကျင့်သုံးရမည့် အချက်အလက်များ | ၃၁ | ၃၁ |
| | လုပ်ငန်းစဉ်-၄။ စံပြကျေးရွာ တည်ထောင်ခြင်း လုပ်ငန်းများအား အဆင့်ဆင့် ကွင်းဆင်းကြီးကြပ်ခြင်း | ၃၂ | ၃၅ |
| | လုပ်ငန်းစဉ်-၅။ ထင်းအစားအခြားလောင်စာသုံး စံပြကျေးရွာ ရေရှည် တည်တံ့စေရန်ဆက်လက်ဆောင်ရွက်ခြင်း | ၃၅ | ၃၆ |
| | လုပ်ငန်းစဉ်-၆။ လုပ်ငန်းပြီးစီးကြောင်းအစီရင်ခံစာပြုစုတင်ပြခြင်း | ၃၇ | ၄၀ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | လုပ်ငန်းစဉ်-၇။ ထူးချွန်စံပြကျေးရွာ သတ်မှတ်ခြင်း | ၄၁ | ၄၁ |
| | ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာအတည်ပြုချက်ပုံစံ | ၄၂ | ၄၃ |
| | ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာတည်ထောင်ခြင်းလုပ်ငန်း တိုးတက်မှုအစီရင်ခံစာပုံစံ | ၄၄ | ၄၄ |
| ၄ | စွမ်းအားမြင့်အေဝမ်းမီးဖိုဖြန့်ဖြူးဆောင်ရွက်ခြင်း | ၄၅ | ၄၅ |
| | လုပ်ငန်းစဉ်-၁။ စွမ်းအားမြင့်အေဝမ်းမီးဖိုဝယ်ယူခြင်း | ၄၅ | ၄၆ |
| | လုပ်ငန်းစဉ်-၂။ စွမ်းအားမြင့်အေဝမ်းမီးဖိုများအားစိစစ်လက်ခံခြင်း | ၄၆ | ၄၆ |
| | လုပ်ငန်းစဉ်-၃။စွမ်းအားမြင့်အေဝမ်းမီးဖိုများ ထုတ်ယူ/သုံးစွဲမှုမှတ်တမ်း ရေးသွင်းခြင်း | ၄၆ | ၄၆ |
| | လုပ်ငန်းစဉ်-၄။ စွမ်းအားမြင့်အေဝမ်းမီးဖိုများကိုသယ်ယူခြင်း | ၄၇ | ၄၇ |
| | လုပ်ငန်းစဉ်-၅။ ဟောပြောပွဲအလိုက်ဖြန့်ဖြူးရမည့် စွမ်းအားမြင့်အေဝမ်း မီးဖိုအရေအတွက်သတ်မှတ်ခြင်း | ၄၇ | ၄၈ |
| | လုပ်ငန်းစဉ်-၆။ စွမ်းအားမြင့်အေဝမ်းမီးဖိုများဖြန့်ဝေရမည့်အစီအစဉ် | ၄၈ | ၄၈ |
| | လုပ်ငန်းစဉ်-၇။ စွမ်းအားမြင့်အေဝမ်းမီးဖိုလက်တွေ့စမ်းသပ်ပြသခြင်း | ၄၈ | ၄၈ |
| | လုပ်ငန်းစဉ်-၈။ အေဝမ်းမီးဖိုသုံးစွဲရာတွင် လိုက်နာရမည့် အချက်များ | ၄၉ | ၄၉ |
| | လုပ်ငန်းစဉ်-၉။ ဌာနဖြန့်ဝေခဲ့သည့် စွမ်းအားမြင့်မီးဖိုများ သုံးချနေမှု အခြေအနေသုံးသပ်တင်ပြခြင်း | ၅၀ | ၅၅ |
| | လုပ်ငန်းစဉ်-၁၀။ စွမ်းအားမြင့်အေဝမ်းမီးဖိုများဖြန့်ဝေပြီးစီးကြောင်း အစီရင်ခံစာတင်ပြခြင်း | ၅၆ | ၅၆ |

**မာတိကာ**


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၅ | ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲရေး လောင်စာတောင့်များ သုံးစွဲခြင်း | ၅၇ | ၅၇ |
| | လုပ်ငန်းစဉ်-၁။လုပ်ငန်းတာဝန်များ | ၅၈ | ၅၈ |
| | လုပ်ငန်းစဉ်-၂။ကွင်းဆင်းစာရင်းကောက်ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့်အချက်များ | ၅၈ | ၅၉ |
| | လုပ်ငန်းစဉ်-၃။ကွင်းဆင်းစာရင်းကောက်ယူရ မည့်အချက်များ | ၅၉ | ၆၁ |
| | လုပ်ငန်းစဉ်-၄။ကောက်ယူရရှိသည့် အချက်အလက်များအားမှတ်တမ်းရေးသွင်းခြင်း | ၆၁ | ၆၂ |
| | လုပ်ငန်းစဉ်-၅။ ကြီးကြပ်ကွပ်ကဲခြင်း | ၆၃ | ၆၄ |
| | လုပ်ငန်းစဉ်-၆။ စိစစ်အကဲဖြတ်ခြင်း | ၆၄ | ၆၄ |
| | လုပ်ငန်းစဉ်-၇။ လုပ်ငန်းပြီးဆုံးကြောင်းအစီရင်ခံစာပြုစုသုံးသပ်တင်ပြခြင်း | ၆၄ | ၆၅ |
| | လောင်စာတောင့်စာရင်းရေးသွင်းရန်ပုံစံများ | ၆၆ | ၇၀ |
| ၆ | ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲရေး စိုက်ပျိုးရေး စွန့်ပစ်စွည်းသုံးစွဲခြင်း | ၇၁ | ၇၁ |
| | လုပ်ငန်းစဉ်-၁။လုပ်ငန်းတာဝန်များ | ၇၂ | ၇၂ |
| | လုပ်ငန်းစဉ်-၂။ကွင်းဆင်းစာရင်းကောက်ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရမည့်အချက်များ | ၇၂ | ၇၃ |
| | လုပ်ငန်းစဉ်-၃။ကွင်းဆင်းစာရင်းကောက်ယူရ မည့်အချက်များ | ၇၃ | ၇၅ |
| | လုပ်ငန်းစဉ်-၄။ကောက်ယူရရှိသည့် အချက်အလက်များအားမှတ်တမ်းရေးသွင်းခြင်း | ၇၅ | ၇၆ |
| | လုပ်ငန်းစဉ်-၅။မှတ်တမ်းရေးသွင်းရာတွင် ယူနစ်များတူညီစွာဖြင့် မှတ်တမ်းရေးသွင်းခြင်း | ၇၆ | ၇၆ |

## မာတိကာ


<table>
<tr><th rowspan="2">စဉ်</th><th rowspan="2">အကြောင်းအရာ</th><th colspan="2">စာမျက်နှာ</th></tr>
<tr><th>မှ</th><th>ထိ</th></tr>
<tr><td rowspan="4"></td><td>လုပ်ငန်းစဉ်-၆။ ကြိုးကြပ်ကွပ်ကဲခြင်း</td><td>၇၇</td><td>၇၈</td></tr>
<tr><td>လုပ်ငန်းစဉ်-၇။ စိစစ်အကဲဖြတ်ခြင်း</td><td>၇၈</td><td>၇၈</td></tr>
<tr><td>လုပ်ငန်းစဉ်-၈။ လုပ်ငန်းပြီးဆုံးကြောင်းအစီရင်ခံစာပြုစုသုံးသပ်တင်ပြခြင်း</td><td>၇၈</td><td>၇၉</td></tr>
<tr><td>စိုက်/စွန့်ပစ်စွည်းစာရင်းရေးသွင်းရန်ပုံစံများ</td><td>၈၀</td><td>၈၃</td></tr>
</table>

# ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလူထုပညာပေး ဟောပြောပွဲဆောင်ရွက်ခြင်း

# ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလူထုပညာပေး ဟောပြောပွဲဆောင်ရွက်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်အလိုက် လိုက်နာလုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်း

(Standard Operating Procedure on Extension)

**ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာလူထုပညာပေး ဟောပြောပွဲဆောင်ရွက်ခြင်း။**

(က) ဌာနမှ ဆောင်ရွက်နေသော လုပ်ငန်းများကို ဒေသခံပြည်သူများ ရှင်းရှင်း လင်းလင်း နားလည် သိမြင်လာစေရန်၊

(ခ) မိမိတို့နှင့်ပြည်သူတို့၏ အသိပညာနှင့်အတတ်ပညာ၊ ခံယူချက်များကို ဖလှယ်နိုင်ရန်၊

**လုပ်ငန်းစဉ်-၁။ ဟောပြောမည့်ကျေးရွာများအား စိစစ်၍ စီမံချက်ရေးဆွဲခြင်း**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာလူထုပညာပေးဟောပြောပွဲများ သတ်မှတ်ချိန်အတွင်း အောင်မြင်ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် ပြန့်နှံ့စွာလွှမ်းခြုံမှု ရှိစေရန်အတွက် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများ ၏ အကွာဝေးပေါ်မူတည်၍ ရာသီဥတု၊ လမ်းပန်းဆက်သွယ်ရေးအနေအထားအရ လစဉ် ဟောပြောမည့်ကျေးရွာ/ ရပ်ကွက်များအား စိစစ်၍ စီမံချက်ရေးဆွဲတင်ပြရမည်။

**လုပ်ငန်းစဉ်-၂။ ဟောပြောပွဲဆောင်ရွက်ရန်ကြိုတင်ပြင်ဆင်ရမည့်အချက်များဆောင်ရွက်ခြင်း**

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဝန်ထမ်းများသည် ဟောပြော စည်းရုံးခြင်းကို လက်တွေ့ဆောင်ရွက်ရာတွင် ထိရောက်အဆင်ပြေမှုရှိစေရန်နှင့် အောင်မြင် သော ဟောပြောဆောင်ရွက်မှု ဖြစ်စေရန် အောက်ဖော်ပြပါအချက်အလက်များအား လိုက်နာ ဆောင်ရွက်ရမည်-

(၁)ဟောပြောမည့် ဝန်ထမ်းများသည် မိမိဟောပြောဆွေးနွေးရမည့် အကြောင်းအရာ၊အချက်အလက်များအားအလွတ်ရသည်အထိ မှတ်သား

ကာလူအများရှေ့တွင်သွက်သွက်လက်လက်ကျွမ်းကျင်စွာပြော ဟောနိုင်သည်အထိ အကြိမ်ကြိမ် လေ့ကျင့်ထားရန်၊

(၂)ဟောပြောရာတွင်ဟောပြောသည့် အကြောင်းအရာနှင့် လိုက်လျောညီထွေအောင်လေသံအနိမ့်အမြင့်မှန်ကန်စွာပြောဆိုနိုင်ရေး (တိုးလွန်း/ ကျယ်လွန်း/ မြန်လွန်း၊နှေးလွန်း၊မပီမသပြောဆိုခြင်း အသံတပြေးတည်း ပြောဆိုခြင်း မဖြစ်စေရန်)နှင့် ဟန်ပန်အမူအရာ မျှတစေရေး လေ့ကျင့်ထားရန်၊

(၃)ဟောပြောပွဲစီမံချက်ပါ ကျေးရွာများသို့ ဟောပြောမည့်နေ့ရက် မတိုင်မီ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအား သတင်းပေး ကြိုတင်ချိတ်ဆက် ညှိနှိုင်းထားရန်၊

(၄)သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး(သို့မဟုတ်) ကျောင်းအုပ်ဆရာ/ဆရာမသို့မိမိတို့ဌာနမှ ဟောပြောပွဲ အထောက်အကူပြုပစ္စည်းများ ခင်းကျင်းပြသ ရန်နှင့် လူဦးရေ ၃၀နှင့်အထက် တက်ရောက်နိုင်သည့် နေရာထိုင်ခင်းများ ကြိုတင် စီမံပေးထားရေး ဆက်သွယ်ညှိနှိုင်းရန်နှင့် ကြိုတင်ကွင်းဆင်းဆောင်ရွက်ပြီး နေရာရွေးချယ်ပြင်ဆင်ရန်၊

**လုပ်ငန်းစဉ်-၃။ ဟောပြောပွဲအထောက်အကူပြု/သရုပ်ပြပစ္စည်းများ ပြင်ဆင်ခြင်း**

(၁)ဌာနသတ်မှတ်အရွယ်အစား၊ လမ်းညွှန်ချက်အတိုင်း ပြုလုပ်ထားသော ဟောပြောပွဲ နောက်ခံဆိုင်းဘုတ်ဗွီနိုင်း(vinyl)၊

(၂)ဟောပြောမည့် အကြောင်းအရာနှင့်စပ်လျဉ်းသည့် လက်ကမ်းစာစောင်များ၊နံရံကပ်ပိုစတာနှင့်သရုပ်ပြအထောက်အကူပြုပစ္စည်းများ

(၃)ဌာနနှင့် သက်ဆိုင်သည့် လက်ကမ်းစာစောင်များ၊ စာရွက်စာတမ်းများ၊ သစ်တောဥပဒေ၊ နည်းဥပဒေစာအုပ်များ၊ အသိပညာပေးမှတ်တမ်းတင်ဗွီဒီယိုဖိုင်များ၊ သရုပ်ပြ ရုပ်ပုံကားချပ်ဗွီနိုင်းများ၊ အခြားသော ဆက်စပ်အထောက်အကူပြုပစ္စည်းများ၊

(၄)ဟောပြောပွဲသို့ တက်ရောက်လာမည့် ဒေသခံပြည်သူများအား ဧည့်ခံကျွေးမွေးမည့် အစားအစာများ၊

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်

ထင်းအစားအခြားလောင်စာသုံးစွဲရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

လူထုပညာပေးဟောပြောပွဲ

ကျေးရွာ ရက်စွဲ၊ - - ၂၀......





**လုပ်ငန်းစဉ်-၄။ ဟောပြောပွဲ အောင်မြင်စေရေး ကြိုတင်စည်းရုံး ဆောင်ရွက်သင့်သော လုပ်ငန်းများ ဆောင်ရွက်ခြင်း**

(၁)ကျေးရွာပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ပေးခြင်း၊

(၂)ကျေးရွာ၏ သာရေး၊နာရေးကိစ္စများဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်း၊

(၃)ကျေးရွာဖွံ့ဖြိုးတိုးတက်စေရေး အမှန်တကယ် လုပ်ဆောင်ပေးသင့်သော ကိစ္စရပ်များနှင့်ပတ်သက်၍သက်ဆိုင်ရာဌာနများသို့ညှိနှိုင်းတင်ပြဆောင်ရွက်ပေးခြင်း၊

**လုပ်ငန်းစဉ်-၅။ ဟောပြောဆောင်ရွက်မည့်သူများ လိုက်နာကျင့်သုံးရမည့် အချက်များ**

(၁)ဟောပြောပွဲကျင်းပမည့်နေ့တွင်ဟောပြောမည့်နေရာသို့ ကြိုတင်ရောက်ရှိရန်၊

(၂)ဟောပြောပွဲတက်ရောက်လာသူများအားခင်မင်ရင်းနှီးစွာဖြင့် ဖိတ်မန္တကပြုနေရာချထားရန်၊

(၃) ဟောပြောမှု စလျှင်စချင်း မိတ်ဆက်စကား ပြောဆိုရန်၊

(၄)ပရိတ်သတ်နှင့် ဒေသထုံးတမ်းအစဉ်အလာကို လေးစားသော အမူအရာဖြင့် ပြောဆိုရန်၊

(၅)ဟောပြောရသည့် ရည်ရွယ်ချက်ကို ရိုးရှင်းစွာဖြင့် စေတနာထား ရှင်းလင်းပြောကြားရန်နှင့်အတွေ့အကြုံဖလှယ်သည့်အနေဖြင့်ပြောဆိုဆောင်ရွက်ရန်၊

(၆)ရိုင်းပျသော စကားလုံးများ မသုံးမိစေရန်နှင့် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုရန်၊

(၇)ဟောပြောရာတွင် မြန်မာစကားလုံးများဖြင့်သာ ပြောဆိုရန်နှင့် အင်္ဂလိပ်စကား လုံးများ ညှပ်၍ ထည့်သွင်းပြောဆိုမှုများ ရှောင်ကြဉ်ရန်၊

(၈) ဟောပြောရမည့် အကြောင်းအရာအလိုက် စ၊လယ်၊ဆုံး အစီအစဉ်တကျ ပြောဆိုရန်၊ ပြောဆိုရာတွင် မိမိဘာကို တင်ပြမလဲဆိုတာ ပရိတ်သတ်တွေကို ဦးစွာ အကြောင်းအရာ မိတ်ဆက်ရန်၊ ဖော်ပြပါ အကြောင်းအရာကို တင်ပြရှင်းလင်းရန်နှင့် နိဂုံးချုပ်တွင် မိမိရှင်းလင်းသော

ဟောပြောမှုများအား ဆွေးနွေးပွဲတက်ရောက်သည့် ပရိတ်သတ်များ နားလည်သဘောပေါက် သတိရအောင် စနစ်တကျ နိဂုံးချုပ်အဆုံး သတ်ရန်၊

(၉)ဟောပြောမှုအား မိနစ်(၃၀)နှင့် (၄၅)မိနစ်အကြား ပြီးဆုံးသောင် ဟောပြောရန်၊ တက်ရောက်လာသူများ စိတ်ဝင်စားဖွယ် ဖြစ်စေရန်နှင့် ပျင်းရိငြီးငွေ့သွားခြင်း မဖြစ်စေရန် အတွက် ဂရုပြုဟောပြောရန်၊

(၁၀)ပရိတ်သတ်မှပြန်လည်မေးမြန်းမှုများအားစိတ်ရှည်စွာဖြင့် ရှင်းလင်းပြောဆိုရန်၊

(၁၁)မိမိမဆောင်ရွက်နိုင်သော ကိစ္စရပ်များအတွက် ကတိ၊ ခံဝန်ချက် မပေးမိစေရေး ဂရုပြုရန်၊

**လုပ်ငန်းစဉ်-၆။ ပြန်လည်ဆန်းစစ်သုံးသပ်ခြင်း**

(၁) ဆန်းစစ်လွှာများဖြင့် ဆန်းစစ်သုံးသပ်ရန်၊

(၂) ဟောပြောပွဲပြုလုပ်ပြီးနောက်ပြည်သူများလိုက်ပါဆောင်ရွက်မှု ရှိ/မရှိကွင်းဆင်း သုံးသပ်ရန်၊

(၃) ဆန်းစစ်/ကွင်းဆင်းသုံးသပ်မှုအရ ဆက်လက်ဆောင်ရွက်သင့်မှုအပေါ် မိမိအစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါက အကောင် အထည်ဖော်ဆောင်ရွက်ပြီးတင်ပြရန်နှင့် အထက်ဌာနမှ စီစဉ်ဆောင် ရွက်ပေးသင့်မှုအပေါ် သုံးသပ်တင်ပြနိုင်ရေး ဆောင်ရွက်ရန်၊

**လုပ်ငန်းစဉ်-၇။ ဟောပြောရာတွင် ပါဝင်ရန် လိုအပ်သည့် အချက်အလက်များပြင်ဆင်ခြင်း**

ကျေးလက်ပြည်သူအများစုသည် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီး ဌာနနှင့်သစ်တောဦးစီးဌာနတို့ကိုရှင်းလင်းစွာခွဲခြားသိမြင်ခြင်းမရှိဘဲများသော အားဖြင့် ရောထွေး၍ နေတတ်သည်။ ရှေးဦးစွာ မိမိတို့ဌာနကို မည်သည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းသည်။ ၎င်းရည်ရွယ်ချက်ကို မည်သို့အကောင်

အထည်ဖော်ဆောင်ရွက်နေသည်။ အကောင်အထည်ဖော်ဆောင်ရွက်ပြီးနောက် ရရှိလာမည့်အကျိုးကျေးဇူးများကိုကျိုးကြောင်း သေချာစွာသိမြင်လာသည်အထိ ရှင်းလင်းပြောကြားရမည် ဖြစ်ပါသည်။ ဟောပြောပွဲများတွင် ဟောပြောရမည့် အကြောင်းအရာများအားအောက်ဖော်ပြပါခေါင်းစဉ်များဖြင့်နမူနာပြုစုထားရှိပြီး ဟောပြောသူများအနေဖြင့် ဒေသအခြေအနေနှင့်သတင်းအချက်အလက်ပြည့်စုံစေရေး ဆက်လက်လေ့လာဆောင်ရွက်ပြီး ဖြည့်စွက်ဟောပြောရမည်-

(က) ဌာန ဖွဲ့စည်းဖြစ်ပေါ်လာပုံ နောက်ခံသမိုင်းကြောင်း

(ခ) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနဖွဲ့စည်းခြင်း

(ဂ) သဘာဝပတ်ဝန်းကျင်နှင့် လူသားများ၏ နေ့စဉ်ဘဝလှုပ်ရှားမှုများ၏ သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးသက်ရောက်စေမှုများ

(ဃ) ဂေဟာစနစ်

(င) သစ်တောသစ်ပင်များမှ ပေးသော အကျိုးကျေးဇူးများ

(စ) သစ်တောပြုန်းတီးခြင်း၏ အကျိုးသက်ရောက်မှုများ

(ဆ) သဲကန္တာရဖြစ်ထွန်းခြင်း

(ဇ) ရာသီဥတုပြောင်းလဲခြင်း

(ဈ) အိုဇုန်းလွှာနှင့်၎င်း၏ အရေးပါပုံ

(ည) စွန့်ပစ်ပစ္စည်း

(ဋ) ညစ်ညမ်းခြင်း

(ဌ) သစ်တောများပြန်လည်တည်ထောင်ထိန်းသိမ်းခြင်း

(ဍ) ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

(ဎ) ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲခြင်း

(၁) စွမ်းအားမြှင့်အဝေမ်းမီးဖိုသုံးစွဲခြင်း

(၂) လောင်စာတောင့်သုံးစွဲခြင်း

(၃) လယ်ယာထွက် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းသုံးစွဲခြင်း

(၄) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ထင်းအစားအခြားလောင်စာ တိုးချဲ့သုံးစွဲရေး ပညာပေးဟောပြောခြင်း

(၅) စံပြကျေးရွာတည်ထောင်ခြင်း

(၆) တိုးချဲ့ပညာပေးစခန်းဖွင့်လှစ်ပြသခြင်း

**လုပ်ငန်းစဉ်-၈။ လုပ်ငန်းပြီးစီးကြောင်းအစီရင်ခံစာပြုစုတင်ပြခြင်း**

ဌာနမှသတ်မှတ်ထားရှိသောဟောပြောဆောင်ရွက်မှုများအလိုက်လူထုပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပြီးနောက် ဟောပြောဆွေးနွေးခဲ့သည့် အကြောင်းအရာများ၊ ဒေသခံများ၏မေးမြန်းဆွေးနွေးမှုများ၊ ဌာနမှ ပြန်လည်ဆွေးနွေးဖြေကြားမှုနှင့် ဖြည့်စွက်ရှင်းလင်းမှုများအား **ပူးတွဲပုံစံများ**နှင့်အတူ အရည်အသွေးရှိသော မှတ်တမ်းဓာတ်ပုံများနှင့် ဟောပြောပြီးရက်သတ္တပတ်အတွင်း အစီရင်ခံစာ ရေးသားပြုစုတင်ပြရမည်။

**ပုံစံ**

**ထင်းအစားအခြားလောင်စာသုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုပညာပေးဟောပြောပွဲကျင်းပခြင်း**

**(နမူနာ)**

| စဉ် | မြို့နယ် | လျာထား (ကြိမ်) | အကြောင်းအရာ အကျဉ်းချုပ် | ဆောင်ရွက်မှု | | | ပြီးစီး (ကြိမ်) | ဟောပြောသူ/ ရာထူး | ဟောပြော ဆောင်ရွက်သည့်အဖွဲ့ဝင် အမည်/ရာထူး |
|---|---|---|---|---|---|---|---|---|---|
| | | | | ကျေးရွာ/ ရပ်ကွက်နှင့် အိမ်ထောင်စု | နေ့ရက် | တက်ရောက် ဦးရေ | | | |
| ၁ | ရွှေဘို | ၃၆-ကြိမ် | -ထင်းအစားအခြားလောင်စာ (စိုက်/စွန့်၊လောင်စာတောင့်) သုံးစွဲရေး<br>-အေဝမ်းစွမ်းအားမြင့်မီးဖိုသုံးစွဲရေး<br>-အမှိုက်စနစ်တကျ စွန့်ပစ်ရေး<br>-ရာသီဥတုပြောင်းလဲခြင်း<br>-သစ်တောသစ်ပင်များ၏ အကျိုးကျေးဇူးနှင့် သစ်တောပြုန်းတီးခြင်း၏အကျိုးသက်ရောက်မှုများ | မြို့မရပ်ကွက် (၅၀၀)စု | ၁၁.၁၁.၂၀၁၆ | ၅၁-ဦး | ၂၄-ကြိမ် | ဦးမောင်မောင် ဦးစီးအရာရှိ | ဦးကျော်ကျော် တောအုပ်ကြီး<br>ဦးဆန်နီ တောအုပ်<br>ဦးဝင်းလတ် တောခေါင်း |

ပုံစံ

# ထင်းအစားအခြားလောင်စာသုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုပညာပေးဟောပြောပွဲကျင်းပခြင်း

**(နမူနာ)**

| စဉ် | မြို့နယ် | အမည်/ ရာထူး | ဟောပြောဆွေးနွေးချက် |
|---|---|---|---|
| ၁ | ရွှေဘို | ဦးမောင်မောင် ဦးစီးအရာရှိ | ၁။ မိတ်ဆက်ခြင်း<br>၂။ ဌာနအကြောင်း<br>၃။ ဌာန၏ လုပ်ငန်းတာဝန်များ<br>၄။ ဟောပြောသည့်အကြောင်းအရာအသေးစိတ်<br>-ထင်းအစားအခြားလောင်စာ(စိုက်/စွန့်၊ လောင်စာတောင့်) သုံးစွဲရေး<br>-အဝေမ်းစွမ်းအားမြှင့်မီးဖိုသုံးစွဲရေး<br>-အမှိုက် စနစ်တကျ စွန့်ပစ်ရေး<br>-ရာသီဥတုပြောင်းလဲခြင်း<br>-သစ်တောသစ်ပင်များ၏အကျိုး ကျေးဇူးနှင့် သစ်တောပြုန်းတီးခြင်း၏ အကျိုးသက်ရောက်မှုများစသည်ဖြင့်ဟောပြောဆွေးနွေးခဲ့သည့်အကြောင်းအရာများကို ပြည့်စုံစွာ တင်ပြရန်နှင့် ဒေသခံများ၏ မေးမြန်းချက်၊ တင်ပြချက်များအားဌာနမှ ပြန်လည်ရှင်းလင်းဆွေးနွေးချက်များဖြင့် အပြည့်အစုံ တင်ပြရန် |

Maung Maung

(မောင်မောင်)
ဦးစီးအရာရှိ
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ရွှေဘိုမြို့

# တိုးချဲ့ပညာပေးစခန်းများဖွင့်လှစ်ပြသခြင်း

# တိုးချဲ့ပညာပေးစခန်းဖွင့်လှစ်ပြသခြင်း
# လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်အလိုက် လိုက်နာလုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်း

(Standard Operating Procedure on Extension)

**ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲခြင်းနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလူထုပညာပေးဟောပြောပွဲဆောင်ရွက်ခြင်း ။** အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသည် ဒေသခံပြည်သူများရှိရာအရောက် လူထုပညာပေးခြင်းများဆောင်ရွက်ခြင်းအပြင် တိုင်းဒေသကြီး (၁) ခုလျှင် တိုးချဲ့ပညာပေးစခန်း (၂) ခုစီအားဖွင့်လှစ်လျက် အသိပညာပေးခြင်း၊ စွမ်းအားမြှင့်အဝေမ်းမီးဖို၊ စိုက်/စွန့်ပစည်းအမျိုးမျိုးနှင့်လောင်စာတောင့် သုံးစွဲပုံများအား လက်တွေ့သရုပ်ပြရှင်းလင်းခြင်း၊ မှတ်တမ်းတင်ဗွီဒီယိုများဖြင့် အသိပညာပေးပြသခြင်း၊ ပျိုးဥယျာဉ်လုပ်ငန်း၊ သဘာဝသစ်ရွက်ဆွေးမြေဩဇာပြုလုပ်ခြင်း၊ ဌာန၏လုပ်ငန်းကြီး (၄) ရပ်အပါအဝင် အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ သတင်းအချက်အလက်ဖြန့်ဝေပေးခြင်းများအား ဆောင်ရွက်လျက်ရှိပါသည်။



**လုပ်ငန်းစဉ်-၁။ ဟောပြောရမည့်အကြိမ်ရေနှင့်အစီအမံဆောင်ရွက်ခြင်း**

(၁) တိုးချဲ့ပညာပေးစခန်း (၁) ခုလျှင် (၂) ကြိမ်ဖွင့်လှစ်ပြသရန်လျာထားသတ်မှတ်ခြင်း၌ တိုးချဲ့ပညာပေးစခန်းတွင် (၁) ကြိမ်နှင့် ရွှေ့လျားပြသခြင်း (၁) ကြိမ်ဆောင်ရွက်ရန်၊

(၂) တိုးချဲ့ပညာပေးစခန်းအား တစ်လလျှင်စခန်း၌ပြသရန် (၁) ကြိမ်နှင့် ရွှေ့လျားပြသရန်(၁)ကြိမ် သတ်မှတ်ထားသော်လည်း တိုင်းဒေသကြီး ညွှန်ကြားရေးမှူး အစီအမံဖြင့် (၂) ကြိမ်လုံး ရွှေ့လျားပြသခြင်း ဆောင်ရွက်လိုပါက ဦးစီးရုံးချုပ်သို့ တစ်လကြိုတင်တင်ပြ ဆောင်ရွက်သွားရန်၊

(၃) ရွှေ့လျားပြသခြင်း ဆောင်ရွက်မည့်အစီအမံများအား သက်ဆိုင်ရာ တိုင်းဒေသကြီး ညွှန်ကြားရေးမှူး၏ အစီအမံဖြင့် ဆောင်ရွက်၍ ဆောင်ရွက်ပြီးစီးမှုကိုသာ ဓါတ်ပုံမှတ်တမ်းနှင့်တကွ အစီရင်ခံစာ ပြည့်စုံစွာရေးသားတင်ပြရန်၊

(၄) သက်ဆိုင်ရာညွှန်ကြားရေးမှူး၏ အစီအမံဖြင့် မြို့နယ်ကျော်ရွှေ့လျား ပြသခြင်းဆောင်ရွက်လိုပါက ခရီးဝေးကွာမှုရှိ၍ စက်သုံးဆီ လိုအပ် ချက်ရှိလျှင် ဦးစီးရုံးချုပ်သို့ ကြိုတင် တင်ပြတောင်းခံရန်၊

(၅) ဟောပြောပွဲဆောင်ရွက်မှုများအား ဒေသတွင်း ပျံ့နှံ့စွာဟောပြောနိုင် ရေးအလေးထား လိုက်နာဆောင်ရွက်စေရန်၊

(၆) ဖွံ့ဖြိုးမှုကောင်းသော ကျေးရွာများထက် သဘာဝတောများအနီးရှိ ကျေးရွာများ၊ သဘာဝတောများနှင့်မနီးသော်လည်း ထင်းလောင်စာ သုံးစွဲမှုများသော ကျေးရွာများအား ဦးစားပေး ရွေးချယ်စေရန်၊

(၇) ခရိုင်ကျော်ရွှေ့လျားဆောင်ရွက်နိုင်ရေး တိုင်းများမှ ကြီးကြပ်တွန်း အားပေးရန်၊

(၈) တိုးချဲ့ပညာပေးစခန်းဖွင့်လှစ်မှုတွင် တက်ရောက်လာသူ အရေအတွက် သည် ကျေးရွာအိမ်ထောင်စုများသို့ လွှမ်းခြုံမှုရှိ/မရှိ စိစစ်နိုင်ရန်အတွက် ကျေးရွာရှိရင်း အိမ်ထောင်စုတင်ပြရန်၊

(၉)ထင်းအစားအခြားလောင်စာကဏ္ဍတွင် ကျေးရွာ၏ ပူးပေါင်းမှု အခြေအနေအား သိရှိနိုင်ရန်အတွက် ဆန်းစစ်လွှာဖြင့် သဘောထား စစ်တမ်းကောက်ယူခြင်းအား (စခန်းတွင်ဖွင့်လှစ်ခြင်းနှင့် ကျေးရွာ အရောက် ပညာပေးစခန်းဖွင့်လှစ်ခြင်းများ) တွင်ပါ ဆောင်ရွက်တင်ပြ ရန်၊

(၁၀) ထင်းအစားအခြားလောင်စာသုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် လေ့လာသူဒေသခံ၏ သဘောထားအမြင်များကို သိရှိနိုင်ရန်အတွက် ဒေသခံများ၏ ပြန်လည်မေးမြန်း ဆွေးနွေးတင်ပြချက်များအား အစီရင်ခံစာတွင် တင်ပြရန်၊

**လုပ်ငန်းစဉ်-၂။ ဟောပြောပွဲဆောင်ရွက်ရန်ကြိုတင်ပြင်ဆင်ရမည့်အချက်များ**

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဝန်ထမ်းများသည် ဟောပြောစည်းရုံးခြင်းကို လက်တွေ့ဆောင်ရွက်ရာတွင် ထိရောက်အဆင်ပြေမှုရှိစေရန်နှင့် အောင်မြင်သော ဟောပြောဆောင်ရွက်မှု ဖြစ်စေရန် အောက်ဖော်ပြပါ အချက်အလက်များအား လိုက်နာဆောင်ရွက်ရမည်-

(၁)ဟောပြောမည့် ဝန်ထမ်းများသည် မိမိဟောပြောဆွေးနွေးရမည့် အကြောင်းအရာ၊အချက်အလက်များအားအလွတ်ရသည်အထိ မှတ်သားကာလူအများရှေ့တွင်သွက်သွက်လက်လက်ကျွမ်းကျင်စွာပြောဟောနိုင်သည်အထိ အကြိမ်ကြိမ် လေ့ကျင့်ထားရန်၊

(၂)ဟောပြောရာတွင်ဟောပြောသည့် အကြောင်းအရာနှင့် လိုက်လျောညီထွေအောင်လေသံ အနိမ့်အမြင့် မှန်ကန်စွာပြောဆိုနိုင်ရေး (တိုးလွန်း/ကျယ်လွန်း/မြန်လွန်း၊နှေးလွန်း၊မပီမသပြောဆိုခြင်း အသံတပြေးတည်းပြောဆိုခြင်းမဖြစ်စေရ)နှင့်ဟန်ပန်အမူအရာမျှတစေရေးလေ့ကျင့်ထားရန်၊

(၃)ဟောပြောပွဲဆောင်ရွက်မည့် ကျေးရွာများအား မြို့နယ်ရုံးတွင် စိစစ်၍ ရွေးချယ်ကာ ဟောပြောမည့်နေ့ရက် မတိုင်မီ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများအား သတင်းပေး ကြိုတင်ချိတ်ဆက်ညှိနှိုင်းထားရန်၊

(၄)သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး(သို့မဟုတ်) ကျောင်းအုပ်ဆရာ/ဆရာမသို့မိမိတို့ဌာနမှ ဟောပြောပွဲ အထောက်အကူပြုပစ္စည်းများခင်းကျင်းပြသ ရန်နှင့် လူဦးရေ ၄၀နှင့်အထက် တက်ရောက်ရန်အတွက် ကြိုတင် ဆက်သွယ်ညှိနှိုင်းရန်၊

## လုပ်ငန်းစဉ်-၃။ ဟောပြောပွဲအထောက်အကူပြု/သရုပ်ပြပစ္စည်းများ

(၁)ဌာနသတ်မှတ်အရွယ်အစား၊ လမ်းညွှန်ချက်အတိုင်း ပြုလုပ်ထားသော ဟောပြောပွဲ နောက်ခံဆိုင်းဘုတ်ဗွီနိုင်း(vinyl)၊

(၂)ဟောပြောမည့် အကြောင်းအရာနှင့်စပ်လျဉ်းသည့် လက်ကမ်းစာစောင်များ၊နံရံကပ်ပိုစတာနှင့်သရုပ်ပြအထောက်အကူပြုပစ္စည်းများ

(၃)ဌာနနှင့် သက်ဆိုင်သည့် လက်ကမ်းစာစောင်များ၊ စာရွက်စာတမ်းများ၊သစ်တောဥပဒေ၊နည်းဥပဒေစာအုပ်များ၊အသိပညာပေးမှတ်တမ်း

တင်ဗွီဒီယိုဖိုင်များ၊ သရုပ်ပြ ရုပ်ပုံကားချပ်ဗွီနိုင်းများ၊ အခြားသော ဆက်စပ် အထောက်အကူပြုပစ္စည်းများ၊

(၄)ဟောပြောပွဲသို့ တက်ရောက်လာမည့် ဒေသခံပြည်သူများအား ဧည့်ခံကျွေးမွေးမည့် အစားအစာများ၊

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်

ထင်းအစားအခြားလောင်စာသုံးစွဲရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ရွှေ့လျားတိုးချဲ့ပညာပေးဟောပြောပွဲ

ကျေးရွာ ရက်စွဲ၊ - -၂၀........






**လုပ်ငန်းစဉ်-၄။ ဟောပြောပွဲ အောင်မြင်စေရေး ကြိုတင်စည်းရုံး ဆောင်ရွက်သင့်သော လုပ်ငန်းများ**

(၁)ကျေးရွာပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်ပေးခြင်း၊

(၂)ကျေးရွာ၏သာရေး၊နာရေးကိစ္စများဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်း၊

(၃)ကျေးရွာဖွံ့ဖြိုးတိုးတက်စေရေး အမှန်တကယ် လုပ်ဆောင်ပေးသင့်သော ကိစ္စရပ်များနှင့်ပတ်သက်၍သက်ဆိုင်ရာဌာနများသို့ညှိနှိုင်းတင်ပြဆောင်ရွက်ပေးခြင်း၊

**လုပ်ငန်းစဉ်-၅။ ဟောပြောဆောင်ရွက်မည့်သူများ လိုက်နာကျင့်သုံးရမည့် အချက်များ**

(၁)ဟောပြောပွဲကျင်းပမည့်နေ့တွင်ဟောပြောမည့်နေရာသို့ ကြိုတင်ရောက်ရှိရန်၊

(၂)ဟောပြောပွဲတက်ရောက်လာသူများအားခင်မင်ရင်းနှီးစွာဖြင့် ဖိတ်မန္တကပြုနေရာချထားရန်၊

(၃) ဟောပြောမှု စလျှင်စချင်း မိတ်ဆက်စကား ပြောဆိုရန်၊

(၄) ပရိတ်သတ်နှင့် ဒေသထုံးတမ်းအစဉ်အလာကို လေးစားသောအမူအရာဖြင့် ပြောဆိုရန်၊

(၅)ဟောပြောရသည့် ရည်ရွယ်ချက်ကို ရိုးရှင်းစွာဖြင့် စေတနာထား ရှင်းလင်းပြောကြားရန်နှင့်အတွေ့အကြုံဖလှယ်သည့်အနေဖြင့်ပြောဆို ဆောင်ရွက်ရန်၊

(၆)ရိုင်းပျသော စကားလုံးများ မသုံးမိစေရန်နှင့် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုရန်၊

(၇)ဟောပြောရာတွင် မြန်မာစကားလုံးများဖြင့်သာ ပြောဆိုရန်နှင့် အင်္ဂလိပ် စကားလုံးများ ညှပ်၍ ထည့်သွင်းပြောဆိုမှုများ ရှောင်ကြဉ်ရန်၊

(၈)ဟောပြောရမည့် အကြောင်းအရာအလိုက် စ၊လယ်၊ဆုံး အစီအစဉ်တကျ ပြောဆိုရန်၊ ပြောဆိုရာတွင် မိမိဘာကို တင်ပြမလဲဆိုတာ ပရိတ်သတ်တွေကို ဦးစွာ အကြောင်းအရာ မိတ်ဆက်ရန်၊ ဖော်ပြပါအကြောင်းအရာကို တင်ပြရှင်းလင်းရန်နှင့် နိဂုံးချုပ်တွင် မိမိရှင်းလင်းသော ဟောပြောမှုများအား ဆွေးနွေးပွဲ တက်ရောက်သည့် ပရိတ်သတ်များ နားလည်သဘောပေါက် သတိရအောင် စနစ်တကျ နိဂုံးချုပ်အဆုံးသတ်ရန်၊

(၉)ဟောပြောမှုအား မိနစ်(၃၀)နှင့် (၄၅)မိနစ်အကြား ပြီးဆုံးဆောင် ဟောပြောရန်၊ တက်ရောက်လာသူများ စိတ်ဝင်စားဖွယ် ဖြစ်စေရန်နှင့် ပျင်းရိငြီးငွေ့သွားခြင်း မဖြစ်စေရန် အတွက် ဂရုပြုဟောပြောရန်၊

(၁၀)ပရိတ်သတ်မှပြန်လည်မေးမြန်းမှုများအားစိတ်ရှည်စွာဖြင့် ရှင်းလင်းပြောဆိုရန်၊

(၁၁)မိမိမဆောင်ရွက်နိုင်သော ကိစ္စရပ်များအတွက် ကတိ၊ ခံဝင်ချက် မပေးမိစေရေး ဂရုပြုရန်၊

**လုပ်ငန်းစဉ်-၆။လမ်းညွှန်မေးခွန်းများဖြင့် ကိုယ်တိုင်ပါဝင် ဆွေးနွေးနိုင်ရေးဆောင်ရွက်ခြင်း**

**တိုးချဲ့ပညာပေးစခန်းများဖွင့်လှစ်ပြသခြင်းအပေါ် လာရောက်လေ့လာသူတို့၏ သဘောထားကောက်ယူမည့် မေးခွန်းလွှာ(မူကြမ်း)**

အမည်-------------------- အလုပ်အကိုင် ---------------------
နေရက်------------------ အသက် -------------------- ကျား/မ------------------

အောက်ပါတို့တွင် ရွေးချယ်ရန်ပေးထားသော အဖြေများမှ မှန်သည်ထင်သောအဖြေအား သက်ဆိုင်ရာ ☐ တွင် အမှန်အမှတ်အသား ✓ ခြစ်ရန်ဖြစ်ပြီး၊ မှားသည်ထင်သော အဖြေများအား × အမှတ် အသားခြစ်ရန်ဖြစ်ပါသည်။

၁။ ကျွန်တော်/ကျွန်မတို့အိမ်တွင် သုံးစွဲသောမီးဖိုမှာ

(က) ဖိုခနောက်မီးဖို

(ခ) အဝေမ်းမီးဖို

(ဂ) မီးသွေးမီးဖို ဖြစ်ပါသည်။

၂။ အဝေမ်းမီးဖိုသုံးစွဲပါက အဝေမ်းမီးဖိုအား

(က) ဌာနမှမဲပေါက်ပါသည်။

(ခ) ဈေးမှဝယ်ပါသည်။

(ဂ) စံပြရွာပြုလုပ်စဉ် ဝေငှပါသည်။

၃။ အဝေမ်းမီးဖိုသုံးစွဲခြင်းသည် ဖိုခနောက်မီးဖိုနှင့် နှိုင်းယှဉ်ပါက

(က) ထင်းပိုကုန်သည်။

(ခ) ထင်းသက်သာသည်။

(ဂ) အတူတူဖြစ်ပါသည်။

၄။ အိမ်တွင်သုံးစွဲနေသည့်ထင်းကို

(က) သဘာဝတောမှ ရရှိပါသည်။

(ခ) ယာစည်းရိုးပင်မှ ရပါသည်။

(ဂ) မိမိပိုင်ထင်းတောမှရပါသည်။

၅။ ကျွန်တော်/ကျွန်မတို့အိမ်၌ နေ့စဉ်ချက်ပြုတ်ရာတွင်

(က) ထင်းသုံးစွဲပါသည်။

(ခ) စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်း (ပဲစင်းငုံရိုး၊ နှမ်းရိုး၊ ဝါရိုး၊ စပါးခွံ)တို့ သုံးစွဲပါသည်။

(ဂ) မီးသွေးသုံးပါသည်။

၆။ ကျွန်တော်/ကျွန်မတို့အိမ်၏ (၁)နှစ်ထင်းသုံးစွဲမှုမှာ

(က) ထင်းလှည်း(၄)စီးခန့်

(ခ) ထင်းလှည်း(၆)စီးခန့်

(ဂ) ထင်းလှည်း(၈)စီးခန့် ကုန်ကျပါသည်။

၇။ သစ်ပင်များသည် လူသားတို့ရှူရှိုက်နေသော

(က) အောက်ဆီဂျင်ဓါတ်ငွေ့ကို ထုတ်လွှတ်သည်။

(ခ) ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ထုတ်လွှတ်သည်။

(ဂ) အောက်ဆီဂျင်ဓါတ်ငွေ့ကို စုပ်ယူသည်။

၈။ ကျွန်တော်/ကျွန်မတို့အိမ်ဝိုင်းအတွင်း ကိုယ်တိုင်စိုက်ပျိုးထားသော အပင်များမှာ

(က) ကျွန်းပင်

(ခ) ယူကလစ်ပင်

(ဂ) မယ်ဇလီပင်၊ရှား စသည့် အခြားသစ်ပင်များဖြစ်ပါသည်။

၉။ သစ်တောများပြုန်းတီးပါက ရာသီဥတုဖောက်ပြန်ပြီး လယ်နှင့်ယာသီးနှံများ

(က) ထွက်နှုန်းကောင်းမွန်လာမည်။

(ခ) ထွက်နှုန်းလျော့ကျမည်။

(ဂ) ထွက်နှုန်းမပြောင်းလဲပါ။

၁၀။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက်သင်လုပ်ခဲ့ဖူးသော အရာ(၁)ခုမှာ

(က) သစ်ပင်စိုက်ခြင်း

(ခ) ကြွပ်ကြွပ်အိပ်လျော့သုံးခြင်း

(ဂ) ရေမြောင်းဖော်ခြင်း

၁၁။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ထိန်းသိမ်း ဆောင်ရွက်ထားသော သဘာဝတောများသည်

(က) အချိန်တန်အရွယ်ရောက်ပါက ထင်း၊တိုင်၊မျောများရရှိပါသည်။

(ခ) ထင်း၊တိုင်၊မျော ခုတ်ယူခွင့် ပိတ်ပင်ခံရသည်။

(ဂ) ကျေးရွာအတွက် အကျိုးမရှိပါ။

၁၂။ ကျွန်တော်/ကျွန်မတို့အိမ်တွင် စိုက်ပျိုးထားသော ကျွန်းပင်နှင့်ယူကလစ်ပင်များကို

(က) သစ်တောဦးစီးဌာနမှရပါသည်။

(ခ) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ရပါသည်။

(ဂ) ပျိုးပင်အရောင်းဆိုင်များမှ ဝယ်ယူစိုက်ပျိုးထားပါသည်။

**--------------------စခန်းတွင် ဖွင့်လှစ်ထားရှိသည့် တိုးချဲ့ပညာပေးစခန်းသို့ လာရောက်လေ့လာသည့်---------------ကျေးရွာသူ/သား(----------)ဦးအား သဘောထားစစ်တမ်းကောက်ယူခြင်း**

ရက်စွဲ။

| စဉ် | မေးခွန်းခေါင်းစဉ် | အဖြေများ | အဖြေတစ်ခုချင်း အလိုက်ဦးရေ |
|---|---|---|---|
| ၁ | မီးဖိုအမျိုးအစား | (က)ဖိုခနောက် | |
| | | (ခ) အဓမ်းမီးဖို | |
| | | (ဂ)မီးသွေးမီးဖို | |
| | | (ဃ)အခြား ( ) | |
| ၂ | အဓမ်းမီးဖိုရရှိပုံ | (က)ဌာနပေဟာပြောပွဲ | |
| | | (ခ) မိမိအစီအစဉ်ဖြင့်ဝယ် | |
| | | (ဂ)စံပြရွာပြုလုပ်စဉ်ရရှိ | |
| | | (ဃ)အခြား ( ) | |
| ၃ | အဓမ်းမီးဖိုသုံးစွဲခြင်းသည် ဖိုခနောက် နှင့် နှိုင်းယှဉ်ပါ က | (က)ထင်းပိုကုန် | |
| | | (ခ) ထင်းကုန်သက်သာ | |
| | | (ဂ)ထင်းကုန်ကျမှုအတူတူ | |
| | | (ဃ)အခြား ( ) | |
| ၄ | အိမ်တွင်သုံးစွဲနေသည့် ထင်းရရှိ သည့်နေရာ | (က)ခြံဝင်းနှင့်ယာခင်းရှိ အပင်များ | |
| | | (ခ)ကိုယ်ပိုင်ထင်းတော | |
| | | (ဂ)ကျေးရွာပိုင်စိုက်ခင်း | |
| | | (ဃ)ကြိုးဝိုင်းကြိုးပြင်ကာကွယ်တော | |
| | | (င)အခြား ( ) | |
| ၅ | မိမိအိမ်၌ချက်ပြုတ်ရာတွင်အသုံးပြုသည့် လောင်စာ | (က)ထင်း | |
| | | (ခ)စိုက်/စွန့် | |
| | | (ဂ)ထင်း+စိုက်/စွန့် | |
| | | (ဃ)အခြား ( ) | |

| စဉ် | မေးခွန်းခေါင်းစဉ် | အဖြေများ | အဖြေတစ်ခုချင်း အလိုက်ဦးရေ |
|---|---|---|---|
| ၆ | မိမိအိမ်၌(၁)နှစ်ထင်း သုံးစွဲမှု | (က)ထင်းလှည်း(၄)စီးခန့် | |
| | | (ခ)ထင်းလှည်း(၆)စီးခန့် | |
| | | (ဂ)ထင်းလှည်း(၈)စီးခန့် | |
| | | (ဃ)အခြား (          ) | |
| ၇ | (က) - <br>(ခ) - <br>(ဂ)စိုက်/စွန်ပစ္စည်းများအား တစ်နှစ်ပတ်လုံးသုံးစွဲသူဦးရေ | | |
| *မှတ်ချက်။ (၇-က)နှင့် (၇-ခ)တို့အား သီးခြားဖော်ပြထားရှိပါသည်။* | | | |
| ၈ | မိမိအိမ်ဝိုင်းအတွင်း စိုက်ပျိုးထားသော အပင် | (က)ကျွန်းပင်၊ ယူကလစ်ပင် | |
| | | (ခ) သီးပင်၊စားပင် | |
| | | (ဂ) အရိပ်ရပင် | |
| | | (ဃ)ထင်းပင် | |
| | | (င)အခြား (          ) | |
| ၉ | ယာနှင့်ဥယျာဉ်ခြံ များတွင် စိုက်ပျိုး ထားသောအပင် | (က) ကျွန်းပင်၊ယူကလစ်ပင် | |
| | | (ခ) သီးပင်၊စားပင် | |
| | | (ဂ) အရိပ်ရပင် | |
| | | (ဃ)ထင်းပင် | |
| | | (င)အခြား (          ) | |
| ၁၀ | ရွာအနီးတွင် သဘာဝတောများ | (က)တိုးလာပါသည် | |
| | | (ခ)လျော့နည်းလာပါ သည် | |
| | | (ဂ) ပြောင်းလဲမှုမရှိပါ | |
| | | (ဃ)သတိမထားမိပါ | |

| စဉ် | မေးခွန်းခေါင်းစဉ် | အဖြေများ | အဖြေတစ်ခုချင်း အလိုက်ဦးရေ |
|---|---|---|---|
| ၁၁ | သဘာဝတောများ သည် ကျေးရွာ၏ စားဝတ်နေရေး အတွက် | (က)များစွာအထောက်အကူပြု ပါသည် | |
| | | (ခ)အနည်းငယ်သာအထောက် အကူပြုပါသည် | |
| | | (ဂ) အထောက်အကူမပြုပါ | |
| ၁၂ | ကျေးရွာအနီးရှိ သဘာဝတောများမှ ရရှိသောအကျိုးကျေးဇူး | (က)မှိုနှင့်အသီးအရွက်များ | |
| | | (ခ) ထင်း | |
| | | (ဂ)ကျွဲ၊နွား၊သိုး၊ဆိတ်များအတွက် စားကျက်မြေ | |
| | | (ဃ) တိုင်၊မျှော့များ | |
| | | (င) အိမ်ဆောက်ရန်သစ်များ | |

## ---------------------စခန်းတွင် ဖွင့်လှစ်ထားရှိသည့် တိုးချဲ့ပညာပေးစခန်းသို့ လာရောက်လေ့လာသည့်----------------ကျေးရွာသူ/သား(-----------)ဦးအား သဘောထားစစ်တမ်းကောက်ယူခြင်း

### မေးခွန်းအမှတ်စဉ် (၇)

(၇-က) လယ်/ယာပိုင်ဆိုင်ခွင့်

| ဖြေဆိုသူအမှတ်စဉ် | အသက် | ပညာအရည်အချင်း | လယ်/ယာ ပိုင်ဆိုင်မှု(ဧက) |
|---|---|---|---|
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| .. | | | |
| .. | | | |
| .. | | | |
| ပျမ်းမျှပိုင်ဆိုင်မှု | | | |
| အများဆုံးပိုင်ဆိုင်မှု | | | |
| အနည်းဆုံးပိုင်ဆိုင်မှု | | | |

(၇-ခ) စိုက်ပျိုးသီးနှံများ

| စဉ် | သီးနှံအမည် | စိုက်ပျိုးသူဦးရေ |
|---|---|---|
| ၁ | | |
| ၂ | | |
| ၃ | | |
| .. | | |
| .. | | |
| .. | | |

## လုပ်ငန်းစဉ်-၇။ ဟောပြောရာတွင် ပါဝင်ရန် လိုအပ်သည့်အချက်အလက်များပြင်ဆင်ခြင်း

ကျေးလက်ပြည်သူအများစုသည် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့်သစ်တောဦးစီးဌာနတို့ကို ရှင်းလင်းစွာခွဲခြားသိမြင်ခြင်းမရှိဘဲ များသောအားဖြင့်ရောထွေး၍ နေတတ်သည်။ ရှေးဦးစွာ မိမိတို့ဌာနကို မည်သည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းသည်။ ၎င်းရည်ရွယ်ချက်ကို မည်သို့အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ အကောင်အထည်ဖော်ဆောင်ရွက်ပြီးနောက် ရရှိလာမည့် အကျိုးကျေးဇူးများကိုကျိုးကြောင်း သေချာစွာသိမြင်လာသည်အထိ ရှင်းလင်းပြောကြားရမည်ဖြစ်ပါသည်။ဟောပြောပွဲများတွင် ဟောပြောရမည့် အကြောင်းအရာများအားအောက်ဖော်ပြပါခေါင်းစဉ်များဖြင့်နမူနာပြုစုထားရှိပြီးဟောပြောသူများအနေဖြင့် ဒေသအခြေအနေနှင့် သတင်းအချက်အလက်ပြည့်စုံစေရေး ဆက်လက်လေ့လာဆောင်ရွက်ပြီး ဖြည့်စွက်ဟောပြောရမည်-

(က) ဌာန ဖွဲ့စည်းဖြစ်ပေါ်လာပုံ နောက်ခံသမိုင်းကြောင်း

(ခ) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနဖွဲ့စည်းခြင်း

(ဂ) သဘာဝပတ်ဝန်းကျင်နှင့် လူသားများ၏ နေ့စဉ်ဘဝလှုပ်ရှားမှုများ၏ သဘာဝပတ်ဝန်း ကျင်အပေါ် ဆိုးကျိုးသက်ရောက်စေမှုများ

(ဃ) ဂေဟစနစ်

(င) သစ်တောသစ်ပင်များမှ ပေးသော အကျိုးကျေးဇူးများ

(စ) သစ်တောပြုန်းတီးခြင်း၏ အကျိုးသက်ရောက်မှုများ

(ဆ) သဲကန္တာရဖြစ်ထွန်းခြင်း

(ဇ) ရာသီဥတုပြောင်းလဲခြင်း

(ဈ) အိုဇုန်းလွှာနှင့်၎င်း၏ အရေးပါပုံ

(ည) စွန့်ပစ်ပစ္စည်း

(ဋ) ညစ်ညမ်းခြင်း

(ဌ) သစ်တောများပြန်လည်တည်ထောင်ထိန်းသိမ်းခြင်း

(ဍ) ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း

(ဎ) ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲခြင်း

(၁) စွမ်းအားမြှင့်အဝေမ်းမီးဖိုသုံးစွဲခြင်း

(၂) လောင်စာတောင့်သုံးစွဲခြင်း

(၃) လယ်ယာထွက် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းသုံးစွဲခြင်း

(၄) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ထင်းအစားအခြား လောင်စာတိုးချဲ့သုံးစွဲရေး ပညာပေးဟောပြောခြင်း

(၅) စံပြကျေးရွာတည်ထောင်ခြင်း

(၆) တိုးချဲ့ပညာပေးစခန်းဖွင့်လှစ်ပြသခြင်း

**လုပ်ငန်းစဉ်-၈။ လုပ်ငန်းပြီးစီးကြောင်းအစီရင်ခံစာပြုစုတင်ပြခြင်း**

ဌာနမှသတ်မှတ်ထားရှိသောဟောပြောဆောင်ရွက်မှုများအလိုက်လူထုပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပြီးနောက် ဟောပြောဆွေးနွေးခဲ့သည့် အကြောင်းအရာများ၊ ဒေသခံများ၏မေးမြန်းဆွေးနွေးမှုများ၊ ဌာနမှ ပြန်လည်ဆွေးနွေးဖြေကြားမှုနှင့် ဖြည့်စွက်ရှင်းလင်းမှုများအား **ပူးတွဲပုံစံများ**နှင့်အတူ အရည်အသွေးရှိသော မှတ်တမ်းဓာတ်ပုံများနှင့် ဟောပြောပြီးရက်သတ္တပတ်အတွင်း အစီရင်ခံစာ ရေးသားပြုစုတင်ပြရမည်။

ပုံစံ

# ထင်းအစားအခြားလောင်စာသုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုပညာပေးဟောပြောပွဲကျင်းပခြင်း

## (နမူနာ)

| စဉ် | မြို့နယ် | လျာထား (ကြိမ်) | အကြောင်းအရာ အကျဉ်းချုပ် | ဆောင်ရွက်မှု | | | ပြီးစီး (ကြိမ်) | ဟောပြောသူ/ ရာထူး | ဟောပြော ဆောင်ရွက်သည့်အဖွဲ့ဝင် အမည်/ရာထူး |
|---|---|---|---|---|---|---|---|---|---|
| | | | | ကျေးရွာ/ ရပ်ကွက်နှင့် အိမ်ထောင်စု | နေ့ရက် | တက်ရောက် ဦးရေ | | | |
| ၁ | ရွှေဘို | ၃၆-ကြိမ် | -ထင်းအစားအခြားလောင်စာ (စိုက်/စွန့်လောင်စာတောင့်) သုံးစွဲရေး<br>-အေဝမ်းစွမ်းအားမြင့်မီးဖိုသုံးစွဲရေး<br>-အမှိုက်စနစ်တကျ စွန့်ပစ်ရေး<br>-ရာသီဥတုပြောင်းလဲခြင်း<br>-သစ်တောသစ်ပင်များ၏ အကျိုးကျေးဇူးနှင့် သစ်တောပြုန်းတီးခြင်း၏ အကျိုးသက်ရောက်မှုများ | မြို့မရပ်ကွက် (၅၀၀)စု | ၁၁.၁၁.၂၀၁၆ | ၅၁-ဦး | ၂၄-ကြိမ် | ဦးမောင်မောင် ဦးစီးအရာရှိ | ဦးကျော်ကျော် တောအုပ်ကြီး<br>ဦးဆန်နီ တောအုပ်<br>ဦးဝင်းလတ် တောခေါင်း |

ပုံစံ

## ထင်းအစားအခြားလောင်စာသုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူထုပညာပေးဟောပြောပွဲကျင်းပခြင်း

## (နမူနာ)

| စဉ် | မြို့နယ် | အမည်/ ရာထူး | ဟောပြောဆွေးနွေးချက် |
|---|---|---|---|
| ၁ | ရွှေဘို | ဦးမောင်မောင် ဦးစီးအရာရှိ | ၁။ မိတ်ဆက်ခြင်း<br>၂။ ဌာနအကြောင်း<br>၃။ ဌာန၏ လုပ်ငန်းတာဝန်များ<br>၄။ ဟောပြောသည့်အကြောင်းအရာအသေးစိတ်<br>-ထင်းအစားအခြားလောင်စာ(စိုက်/စွန့်၊ လောင်စာတောင့်) သုံးစွဲရေး<br>-အေဝမ်းစွမ်းအားမြင့်မီးဖိုသုံးစွဲရေး<br>-အမှိုက် စနစ်တကျ စွန့်ပစ်ရေး<br>-ရာသီဥတုပြောင်းလဲခြင်း<br>-သစ်တောသစ်ပင်များ၏အကျိုး ကျေးဇူးနှင့် သစ်တောပြုန်းတီးခြင်း၏ အကျိုးသက်ရောက်မှုများစသည်ဖြင့်ဟောပြောဆွေးနွေးခဲ့သည့်အကြောင်းအရာများကို ပြည့်စုံစွာ တင်ပြရန်နှင့် ဒေသခံများ၏ မေးမြန်းချက်၊ တင်ပြချက်များအား ဌာနမှ ပြန်လည်ရှင်းလင်းဆွေးနွေးချက်များဖြင့် အပြည့်အစုံ တင်ပြရန် |

Maung Maung

(မောင်မောင်)
ဦးစီးအရာရှိ
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
ရွှေဘိုမြို့

# ထင်းအစားအခြားလောင်စာသုံး စံပြကျေးရွာ တည်ထောင်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင်လုပ်ငန်းစဉ်အလိုက် လိုက်နာလုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်း

STANDARD OPERATING PROCEDURE (SOP) on Establishment of Model Village

## ထင်းအစားအခြားလောင်စာသုံး စံပြကျေးရွာတည်ထောင်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်အလိုက် လိုက်နာလုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်း

## (Standard Operating Procedure on Establishment of Model Village)

**ထင်းအစားအခြားလောင်စာသုံး စံပြကျေးရွာတည်ထောင်ခြင်း။**

(က) ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲစေခြင်းအားဖြင့် သဘာဝတော များ ပျက်စီးပြုန်းတီးမှု တဖြည်းဖြည်း လျော့နည်းသွားစေရန်။

(ခ) လယ်ယာစိုက်ပျိုးရေးမှ ထွက်ရှိလာသောစိုက်ပျိုးရေး စွန့်ပစ်ပစ္စည်း များအားကျယ်ကျယ် ပြန့်ပြန့် သုံးစွဲလာစေရန်။

(ဂ) ထင်းအစားအခြားလောင်စာသုံးစွဲသည့် စံပြကျေးရွာ/ ရပ်ကွက်များမှ စံပြမြို့နယ်/ခရိုင် များအထိ တစ်ဆင့်ပြီး တစ်ဆင့် တိုးတက်လာစေရန်။

**လုပ်ငန်းစဉ်-၁။ စံပြကျေးရွာတည်ထောင်ရာတွင် ပါဝင်ရမည့် စံနှင့် အညွှန်းများ (C&I) များနှင့်အညီ စိစစ်ခြင်း**

ထင်းအစားအခြားလောင်စာသုံးစွဲသည့် စံပြကျေးရွာများ တည်ထောင်ရန်အတွက် အောက်ပါ အချက်အလက်များဖြင့် ကိုက်ညီ၍ ရွေးချယ်ဆောင်ရွက်ရမည်-

(က) **ထင်းလောင်စာရှားပါးမှုအခြေအနေ**

(၁) ထင်းလောင်စာရှားပါးသည့် ကျေးရွာဖြစ်ရမည်။

(၂) ထင်းသုံးစွဲမှုသည် ကျေးရွာသုံးထင်းစိုက်ခင်း **(သို့မဟုတ်)** မိမိ တို့၏နေအိမ်ခြံဝင်းအတွင်းနှင့်ယာစည်းရိုးတို့တွင်ပေါက်ရောက် နေသည့်သစ်ပင်/သစ်ကိုင်းတို့မှ ထွက်ရှိသည့် ထင်းဖြစ်ရမည်။

(၃) ကျေးရွာသုံးထင်းစိုက်ခင်းနှင့် သဘာဝတောကျန်များထိန်းသိမ်းကာ ကွယ်ခြင်း ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းမှထွက်ရှိသည့်ထင်း သည် ကျေးရွာ၏ထင်းလိုအပ်ချက်ကို လုံလောက်စွာမဖြည့်ဆည်း နိုင်သော ကျေးရွာ ဖြစ်ရမည်။

(ခ) **စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများသုံးစွဲမှုအခြေအနေ**

(၁) ကျေးရွာနေအိမ်များတွင် စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများဖြစ်သော ပဲစဉ်းငုံရိုး၊ ပြောင်းရိုး၊ မြေပဲရိုး၊ စပါးခွံနှင့် ဝါရိုးတို့ ရရှိနိုင်ရပါမည်။

(၂) ကျေးရွာအိမ်ထောင်စု အရေအတွက်၏ ၃ ပုံ ၂ ပုံခန့်သည် စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်း သုံးစွဲသည့် ကျေးရွာဖြစ်ရမည်။ အပိုဒ်(၁)ပါ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းနှင့် မလုံလောက်ပါက နှစ်ရှည်ပင်စွန့်ပစ်ပစ္စည်း(အုန်းပင်၊ ထန်းပင်၊ ဘေးထွက်ပစ္စည်းများ) ဖြည့်စွက်အသုံးပြုနိုင်ရပါမည်။

(၃) လျှပ်စစ်မီး(National Grid)မရရှိသည့် ကျေးရွာများကို ဦးစားပေးရွေးချယ်ရပါမည်။

(၄) လျှပ်စစ်မီး (National Grid) ရရှိသည့် ကျေးရွာတွင် လျှပ်စစ်ဖြင့် ချက်ပြုတ်သုံးစွဲမှုမရှိသည့် အိမ်ထောင်စုများသည် နေ့စဉ်ချက်ပြုတ်ရာ၌ ထင်း/မီးသွေးအစားအခြားလောင်စာများ အဓိကသုံးစွဲလျက်ရှိသည့် ကျေးရွာဖြစ်ရမည်။

(ဂ) **စွမ်းအားမြင့်အဝေမ်းမီးဖိုဖြန့်ဝေသုံးစွဲမှု အခြေအနေ**

(၁) စွမ်းအားမြင့်အဝေမ်းမီးဖိုနှင့် ပတ်သက်၍ သုံးစွဲဖူးသော၊ ကြားသိဖူးသော ကျေးရွာဖြစ်ရမည်။

(၂) အိမ်ထောင်စုအားလုံးသို့ စွမ်းအားမြင့် အဝေမ်းမီးဖိုများ အခမဲ့ဖြန့်ဝေပေးပါက လိုအပ်သည့် လောင်စာကို ထင်း/မီးသွေး အစား အခြားအစားထိုးလောင်စာများအား အဓိကလောင်စာ အဖြစ် သုံးစွဲနိုင်သည့် ကျေးရွာဖြစ်ရမည်။

(၃) ဌာနမှအခမဲ့ဖြန့်ဝေမှုအပြင် လိုအပ်ချက်ရှိပါက မိမိအစီအစဉ်ဖြင့် ဝယ်ယူသုံးစွဲနိုင်သည့် ကျေးရွာဖြစ်ရမည်။

(ဃ) **ကျေးရွာ၏ အခြေခံဗဟုသုတရှိမှုအခြေအနေ**

(၁) ကျေးရွာသူ/ကျေးရွာသားများသည် အစားထိုးလောင်စာများ အကြောင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အခြေခံ ဗဟုသုတရှိရမည်။

(၂) ပညာရေးအနေဖြင့် ဟောပြောစည်းရုံးရန် အခြေခံယူနစ်ဖြစ်သည့်မူလတန်းကျောင်း(**သို့မဟုတ်**)ဘုန်းတော်ကြီးပညာသင်ကျောင်းတို့ရှိရပါမည်။

(၃) စာကြည့်တိုက် ဖွင့်လှစ်ထားရှိသည့် ကျေးရွာဖြစ်ပြီး NGO / INGO တို့၏ ထောက်ပံ့မှုရရှိသော ကျေးရွာများအား ပိုမို အလေးထားရွေးချယ်ရမည်။

(င) **စံပြကျေးရွာတည်ထောင်ရန် အိမ်ထောင်စုဦးရေ အခြေအနေ**။

အိမ်ထောင်စု(၁၂၀)စုမှ(၂၀၀)စုအတွင်းရှိသည့်ပြည်ထဲရေးအမည်ပေါက်ကျေးရွာ ဖြစ်ရမည်။

(စ) **လမ်းပန်းဆက်သွယ်/သွားလာမှုအခြေအနေ**

(၁) ရွေးချယ်သည့်ကျေးရွာသည် ဝန်ထမ်းအဆင့်ဆင့်မှ ရာသီမရွေး ကွင်းဆင်း ဟောပြောစည်းရုံးကြီးကြပ် ဆောင်ရွက်နိုင်ရမည်။

(၂) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ကျေးရွာများကို ဦးစားပေးရွေးချယ်ရမည်။

(၃) စီမံအုပ်ချုပ်မှု လွယ်ကူအဆင်ပြေစေရန် ဌာနမှ (စ.ထ.ထ.ရ) လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ကျေးရွာ (**သို့မဟုတ်**)အနီးအနားရှိ ကျေးရွာများကို ဦးစားပေး ရွေးချယ်ရမည်။

(ဆ) **ကျန်းမာရေးဆေးပေးခန်းရှိမှု အခြေအနေ**။

တည်ထောင်မည့် စံပြကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ဆေးပေးခန်း **(သို့မဟုတ်)** ကိုယ်ထူကိုယ်ထကျန်းမာရေးဆေးပေးခန်းများ ဖွင့်လှစ်ထားရှိပါကပိုမိုကောင်းမွန်ပါသည်။

(ဇ) **ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေ**။

ဘက်စုံသုံး(၁)ရွာ(၁)ဧက၊တစ်အိမ်ထောင်ကျွန်း(၃)ပင်နှင့် သစ်မာ(၂၀)ပင် စိုက်ပျိုးပြီးကျေးရွာ **(သို့မဟုတ်)**တည်ထောင်စိုက်ပျိုးရန် စိတ်ပါဝင်စားပြီး ပူးပေါင်းဆောင်ရွက်မှုကောင်းမွန်မည့် အလားအလာရှိသောကျေးရွာ **(သို့မဟုတ်)**ကျေးရွာအတွင်းသစ်တောသစ်ပင်ဖုံးလွှမ်းမှုကောင်းမွန်သော ကျေးရွာ ဖြစ်ရမည်။

(ဈ) **ရေရရှိမှုအခြေအနေ**။ အခြေခံသောက်သုံးရေဖူလုံမှု အနည်းဆုံး(၅၀%) နှင့် အထက်ရှိသောကျေးရွာ **(သို့မဟုတ်)** လိုအပ်ပါက ဌာနမှ ဆောင်ရွက် ပေးမည့်ရေကန်ငယ်တူးဖော်ခြင်း၊ မြေအောက်ရေ(အဝီစိတွင်း)တူးဖော် ခြင်း၊ မိုးရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းများကို စိတ်ဝင်စားပြီး ပူးပေါင်းဆောင်ရွက်မှုကောင်းသည့် ကျေးရွာဖြစ်ရမည်။

(ည) **ပညာပေးဟောပြောခြင်း**။ အဆိုပြုကျေးရွာသည် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှထင်းအစားအခြားလောင်စာနှင့် ပတ်ဝန်း ကျင်ထိန်းသိမ်းရေးအကြောင်းအရာများနှင့်ပတ်သက်၍အနည်းဆုံး(၂) ကြိမ်နှင့်အထက် ဟောပြောပြီးကျေးရွာ **(သို့မဟုတ်)**သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့်NGO စသည့် ဌာနအဖွဲ့အစည်း များက (၂)ကြိမ်နှင့်အထက် ဟောပြောဆောင်ရွက်ခဲ့သည့် ကျေးရွာဖြစ်၍ အထောက်အထားခိုင်လုံစွာ တင်ပြရမည်။

**လုပ်ငန်းစဉ်-၂။ စံပြကျေးရွာများကွင်းဆင်းရွေးချယ်သတ်မှတ်ခြင်း**

(က) **စံပြကျေးရွာရွေးချယ်စိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း။** တိုင်းဒေသကြီး ညွှန်ကြားရေးမှူးက မိမိတိုင်းဒေသကြီးအတွင်း စံပြကျေးရွာ ရွေးချယ် စိစစ်ကွင်းဆင်းရန်အဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

| | | | |
|---|---|---|---|
| (၁) | လက်ထောက်ညွှန်ကြားရေးမှူး | တိုင်းဒေသကြီး | အဖွဲ့ခေါင်းဆောင် |
| (၂) | လက်ထောက်ညွှန်ကြားရေးမှူး | သက်ဆိုင်ရာခရိုင် | အဖွဲ့ဝင် |
| (၃) | ဦးစီးအရာရှိ | သက်ဆိုင်ရာမြို့နယ် | အဖွဲ့ဝင် |

(ခ) **ကွင်းဆင်းရွေးချယ်သတ်မှတ်ခြင်း။** အထက်ပါစာပိုဒ်(က)ပါ အဖွဲ့သည် စံပြ ကျေးရွာရွေးချယ် သတ်မှတ်ရန်ကွင်းဆင်း တင်ပြရမည်။ ကွင်းဆင်းဆောင်ရွက်ခြင်းကို C & Iများနှင့် စိစစ်ရွေးချယ်၍ မှတ်တမ်း ဓါတ်ပုံများနှင့်တကွ ဖြည့်စွက်၍ ရွေးချယ်ပြီးစီးကြောင်း အစီရင်ခံစာကို တင်ပြရ မည်။

(ဂ) **အစီရင်ခံစာတင်ပြရမည့်ကာလ။** ဖော်ပြပါ စံပြကျေးရွာရွေးချယ် စိစစ်ရေးအဖွဲ့သည် စံပြကျေးရွာ ရွေးချယ်ပြီးစီးကြောင်း အစီရင်ခံစာကို သက်ဆိုင်ရာ တိုင်းဒေသကြီးသို့ စံပြကျေးရွာ တည်ထောင်သည့် ဘဏ္ဍာနှစ်ထိ မေလ(၁၅)ရက် နောက်ဆုံးထား၍ တင်ပြရမည်။(သက်ဆိုင် ရာ ခရိုင်၊မြို့နယ်သို့ မိတ္တူပေးပို့ရမည်)

(ဃ) **စံပြကျေးရွာအတည်ပြုခြင်း။** တိုင်းဒေသကြီးမှ ညွှန်ကြားရေးမှူး သည် စံပြ ကျေးရွာရွေးချယ်စိစစ်ရေးအဖွဲ့မှ တင်ပြလာသည့် စံပြကျေးရွာ ရွေးချယ်ပြီးစီးကြောင်း အစီရင်ခံစာအား သတ်မှတ်ထားသည့် C & I များနှင့် စိစစ်ပြီး၊ ကိုက်ညီမှန်ကန်မှု ရှိပါကသက်ဆိုင်ရာ ခရိုင်/မြို့နယ် များသို့အတည်ပြုကြောင်းပြန်လည်ညွှန်ကြားရပါမည်။ အတည်ပြုရွေးချယ် ထားသော စံပြကျေးရွာများအား ကွင်းဆင်းအစီရင်ခံစာများနှင့်အတူ ညွှန်ကြားရေးမှူးချုပ်ထံသို့ **မေလကုန်** နောက်ဆုံးထား၍ အစီရင်ခံရမည်။

## လုပ်ငန်းစဉ်-၃။ စံပြကျေးရွာတည်ထောင်ရာတွင် လိုက်နာကျင့်သုံးရမည့်အချက်များအား လိုက်နာဆောင်ရွက်ခြင်း

(က) စံပြကျေးရွာအဖြစ်သတ်မှတ်တည်ထောင်ပြီး၊ နိုဝင်ဘာလတွင် ညွှန်ကြားချက်နှင့်အညီ ဆိုင်းဘုတ်အား စိုက်ထူရမည်။ အဆိုပါဆိုင်းဘုတ်အား အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှကြီးကြပ်ဆောင်ရွက်ရမည် ဖြစ်သည်။

(ခ) စံပြကျေးရွာတည်ထောင်ရာတွင်ပါဝင်ရမည့် အချက်အလက်များအား တိကျစွာ လိုက်နာဆောင်ရွက်သွားရမည်။

(ဂ) ကျေးရွာအုပ်ချုပ်ရေး၊ ရပ်မိရပ်ဖ၊ ကျေးရွာသူ/သားများ ပါဝင်သည့် စံပြကျေးရွာ ကော်မတီကို ဥက္ကဋ္ဌ(၁)ဦး၊ အဖွဲ့ဝင်(၃)ဦး၊ အတွင်းရေးမှူး (၁)ဦးဖြင့် ဖွဲ့စည်းရမည် ဖြစ်ပါသည်။

(ဃ) စံပြကျေးရွာအား သွားရောက်ကြည့်ရှု လေ့လာစစ်ဆေးမှုများရှိပါက လာရောက်သည့်ဌာန၊ အဖွဲ့အစည်းနှင့်စစ်ဆေးသူများ စာရင်းကို စနစ်တကျ မှတ်တမ်းပြုစုထားရမည်။ **အဆိုပါအဖွဲ့၏စစ်ဆေးတွေ့ရှိ အကြံပြုချက်များကို အထက်အဆင့်ဆင့်သို့ အချိန်နှင့်တပြေးညီ တင်ပြရမည်။**

(င) စံပြကျေးရွာအားရေရှည်တည်တံ့ရေးနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက်ကျေးရွာသူကျေးရွာသားများကိုယ်တိုင်ပါဝင်ပူးပေါင်းလာစေရန်စဉ်ဆက်မပြတ် ကွင်းဆင်းဟောပြောပညာပေးခြင်းကို ဆောင်ရွက်ရမည်။

**လုပ်ငန်းစဉ်-၄။ စံပြကျေးရွာတည်ထောင်ခြင်းလုပ်ငန်းများအား အဆင့်ဆင့် ကွင်းဆင်း ကြီးကြပ်ခြင်း**

(က) **မြို့နယ်အဆင့်မှ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ။** သက်ဆိုင်ရာမြို့နယ်ဦးစီးအရာရှိသည်တည်ထောင်မည့်စံပြကျေးရွာသို့တိုင်းဒေသကြီးမှ ဦးဆောင်သည့်အဖွဲ့ဖြင့်စံပြကျေးရွာတည်ထောင်ရန် C & I များအရ ကွင်းဆင်းရွေးချယ်ခြင်း၊စံပြကျေးရွာတည်ထောင်ရန်အတည်ပြုမိန့်ရရှိပြီး ပါကထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲရေး၊ကိုယ်ပိုင် ထင်းတောများတည်ထောင်ရေး(အိမ်/ခြံ/ယာစည်းရိုး/CF)၊ ထင်းလောင်စာသက်သာစေသည့် မီးဖိုအမျိုးမျိုးနှင့်စွမ်းအားမြှင့်အဝေမ်းမီးဖို အသုံးပြုစေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ဒေသစိမ်းလန်းစိုပြည်ရန် ပါဝင်ဆောင်ရွက်စေရေး၊စွမ်းအားမြှင့်အဝေမ်းမီးဖိုများဖြန့်ဝေရေး၊ဖြန့်ဝေပြီးသည့် မီးဖိုများ အမှန်အသုံးပြုစေရေးကြီးကြပ်ပညာပေးခြင်း၊ စည်းရုံးခြင်း စကားဝိုင်း အသွင်ဖြင့် ချဉ်းကပ်ဆောင်ရွက်ခြင်းတို့ကိုတစ်ဖက်ပါအတိုင်း ဆောင်ရွက်ရမည်-









| | | |
|---|---|---|
| (၁) | စံပြကျေးရွာတည်ထောင်ရန်ကွင်းဆင်း ရွေးချယ်ခြင်း | ဧပြီလ |
| (၂) | ဟောပြောစည်းရုံးခြင်း(၂)ကြိမ်ဆောင်ရွက်ခြင်း နှင့်(၁)ကြိမ်လျှင် စွမ်းအားမြှင့်မီးဖို (၂၅%)ဖြင့် (၂)ကြိမ်အတွက် (၅၀%) ဖြန့်ဝေခြင်း | ဇွန်လ |
| (၃) | ဖြန့်ဝေခဲ့သည့်မီးဖိုများသုံးစွဲမှု၊အစားထိုးလောင် စာသုံးစွဲမှုစိစစ်သုံးသပ်ခြင်း၊စကားဝိုင်းဆွေးနွေး ဟောပြောခြင်း | အောက်တိုဘာလ |
| (၄) | ဆိုင်းဘုတ်စိုက်ထူခြင်း | နိုဝင်ဘာလ |
| (၅) | စွမ်းအားမြှင့်မီးဖိုစဉ်ဆက်မပြတ်အသုံးပြုမှု၊ အစားထိုးလောင်စာအသုံးချမှုစိစစ်ခြင်း | ဇန်နဝါရီလ-မတ်လ |

(ခ) **ခရိုင်အဆင့်မှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ။** ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးသည် ရွေးချယ်သည့် စံပြကျေးရွာအား ထင်းအစားအခြားလောင်စာသုံးစွဲရေး၊ မိရိုးဖလာဖိုခံလောက် မီးဖိုများ အစားလောင်စာသက်သာသည့် စွမ်းအားမြှင့်မီးဖိုများ/ အေဝမ်းမီးဖိုများတိုးမြှင့်သုံးစွဲရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် စည်းရုံးဟောပြောခြင်း၊ မီးဖိုဖြန့်ဝေခြင်း၊ ဖြန့်ဝေပြီးမီးဖိုများသုံးစွဲမှု စိစစ်သုံးသပ်ခြင်း၊ထင်းအစားအခြားလောင်စာသုံးစွဲမှုပညာပေးစကားဝိုင်းအသွင်ဖြင့်စိစစ်ခြင်း၊အခြားလိုအပ်ချက်များသုံးသပ်အကဲဖြတ်ခြင်းတို့ကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

| | | |
|---|---|---|
| (၁) | ဟောပြောစည်းရုံးခြင်းနှင့်စွမ်းအားမြှင့်မီးဖို (၅၀%)ဖြန့်ဝေခြင်း | ဇူလိုင်လ |
| (၂) | စွမ်းအားမြှင့်မီးဖိုသုံးစွဲမှုနှင့်ထင်းအစားအခြား လောင်စာသုံးစွဲမှုစကားဝိုင်းအသွင်ဖြင့် စိစစ်ခြင်း | အောက်တိုဘာလ |
| (၃) | စံပြကျေးရွာအား စစ်ဆေးအတည်ပြုခြင်း | နိုဝင်ဘာလ |
| (၄) | ဆိုင်းဘုတ်စိုက်ထူခြင်း | နိုဝင်ဘာလ |







(ဂ) **တိုင်းဒေသကြီးအဆင့်မှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ။**

တိုင်းဒေသကြီး ညွန်ကြားရေးမှူး၏ စီစဉ်ညွှန်ကြားမှုဖြင့် စံပြကျေးရွာ စိစစ်ရေးအဖွဲ့သည် ရွေးချယ်ထားသည့်ကျေးရွာကို စံပြကျေးရွာ တည်ထောင်ရန် အတည်ပြုခြင်း၊မြို့နယ်၊ ခရိုင်များမှ ဟောပြောစည်းရုံး ခြင်းနှင့် စွမ်းအားမြှင့်မီးဖိုဖြန့်ဝေပြီးနောက် စွမ်းအားမြှင့်မီးဖိုသုံးစွဲမှု၊ ထင်းအစားအခြားလောင်စာသုံးစွဲမှုများကို စကားဝိုင်းအသွင်ဖြင့် ကွင်းဆင်းစည်းရုံးမေးမြန်းပြီးတိုင်းဒေသကြီးမှတဆင့်ဦးစီးရုံးချုပ်သို့တင် ပြခြင်း၊သက်ဆိုင်ရာခရိုင်မှူးများမှ ကွင်းဆင်းအတည်ပြုပြီးသော စံပြ ကျေးရွာများတွင် ထင်းအစားအခြားလောင်စာ **“အမှန်”**သုံးစွဲသည့် ကျေးရွာဟုတ်/မဟုတ်စိစစ်သုံးသပ်၍တိုင်းဒေသကြီးညွှန်ကြားရေးမှူးထံ တင်ပြခြင်း၊တိုင်းဒေသကြီးညွှန်ကြားရေးမှူးမှကွင်းဆင်းစစ်ဆေးရောက် ရှိ အတည်ပြုခြင်းတို့ကို အောက်ပါအတိုင်းဆောင်ရွက်ရမည်-

| | | |
|---|---|---|
| (၁) | စိစစ်ရေးအဖွဲ့သည်ရွေးချယ်ထားသော ကျေးရွာကို စံပြကျေးရွာတည်ထောင်ရန် အတည်ပြုခြင်း | မေ |
| (၂) | စိစစ်ရေးအဖွဲ့သည်စွမ်းအားမြင့်မီးဖိုနှင့်ထင်းအစား အခြားလောင်စာသုံးစွဲမှု ကွင်းဆင်းစိစစ်ခြင်း | စက်တင်ဘာ |
| (၃) | စိစစ်ရေးအဖွဲ့သည် တည်ထောင်ပြီးစံပြကျေးရွာ များထင်းအစားအခြားလောင်စာသုံးစွဲမှုစိစစ် ခြင်း | နိုဝင်ဘာ-ဒီဇင်ဘာ |
| (၄) | ညွှန်ကြားရေးမှူး ရောက်ရှိအတည်ပြုခြင်း | ဇန်နဝါရီ-မတ် |



**လုပ်ငန်းစဉ်-၅။ ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာ ရေရှည်တည်တံ့စေရန် ဆက်လက်ဆောင်ရွက်ခြင်း**

(က) တည်ထောင်ပြီးစံပြကျေးရွာများတွင် ဖြန့်ဝေခဲ့သည့် စွမ်းအားမြင့်အေဝမ်း မီးဖိုများစဉ်ဆက်မပြတ်သုံးစွဲစေခြင်း၊ ထင်း/မီးသွေးအစား လောင်စာ တောင့်များ၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများတိုးမြှင့်သုံးစွဲစေခြင်း၊ စွမ်းအား မြင့်မီးဖိုအမျိုးမျိုးသုံးစွဲစေခြင်းတို့အတွက်မြို့နယ်၊ခရိုင်၊ တိုင်းဒေသကြီး ဝန်ထမ်းအဆင့်ဆင့်သည် ၎င်းစံပြကျေးရွာများသို့ စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်ရမည်။

(ခ) ဌာနကဖြန့်ဝေခဲ့သည့် စွမ်းအားမြင့်အေဝမ်းမီးဖိုများ ပျက်စီးခဲ့လျှင် လည်းကောင်း၊ထပ်မံဝယ်ယူအသုံးပြုလိုလျှင်လည်းကောင်း၊အရွယ်အစား ကြီးမားသည့် အေဝမ်းမီးဖို ဝယ်ယူလိုလျှင် လည်းကောင်း ဒေသခံများ လွယ်ကူစွာဝယ်ယူရရှိနိုင်စေရေး စီမံဆောင်ရွက်ပေးရမည်။ ထို့အပြင် ကျေးရွာမှ စွမ်းအားမြင့်အေဝမ်းမီးဖို ထုတ်လုပ်ဖြန့်ဖြူးလိုပါက အရည်

အသွေးမီသည့် စွမ်းအားမြင့်မီးဖိုများ ထုတ်လုပ်မှုနည်းပညာ သင်တန်းတက်ရောက်နိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးရမည်။

(ဂ) အထက်ပါလုပ်ငန်းများကို စံပြကျေးရွာ တည်ထောင်ခြင်းလုပ်ငန်းစဉ်များဆောင်ရွက်ဆဲကာလနှင့်ပြည့်စုံပြီးသည့်ဒီဇင်ဘာနောက်ပိုင်းတွင်ဆက်လက်ဆောင်ရွက်ရမည့်အပြင် နောင်လာမည့် ဘဏ္ဍာနှစ်အတွင်းကွင်းဆင်းပဟောပြောခြင်း၊ လိုအပ်ချက်များဖြည့်ဆည်းခြင်းတို့ကိုအနည်းဆုံး(၂)ကြိမ်နှင့်အထက် ဆက်လက်ဆောင်ရွက်ရပါမည်။

**လုပ်ငန်းစဉ်-၆။ ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာတည်ထောင်ပြီးစီးကြောင်း အစီရင်ခံစာ ပြုစုတင်ပြခြင်း**

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန**

**.....................တိုင်းဒေသကြီး၊ .................ခရိုင်၊ ....................မြို့နယ်**

**................ ဘဏ္ဍာရေးနှစ်၊ ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာ**

**တည်ထောင်ပြီးစီးကြောင်းအစီရင်ခံစာ**

၁။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊...............တိုင်းဒေသကြီး၊..........ခရိုင်၊.................. မြို့နယ်၊......................ကျေးရွာအားထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာအဖြစ် တည်ထောင်နိုင်ရေး ...........ခုနှစ်၊................လမှစတင်၍ စည်းရုံးဆောင်ရွက်ခဲ့ရာ ..................ခုနှစ်၊ .........................လ .................ရက်နေ့တွင် ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာအဖြစ် ဆိုင်းဘုတ်စိုက်ထူနိုင်ခဲ့ပြီး ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာအဖြစ် ကြေညာ၍ ဆိုင်းဘုတ်စိုက်ထူနိုင်ခဲ့ပါသည်။

(က) ကျေးရွာအခြေအနေ

| | | | |
|---|---|---|---|
| (၁) | ကျေးရွာအမည် | - | |
| (၂) | ကျေးရွာအုပ်စုအမည် | - | |
| (၃) | တည်နေရာ | -(လမ်းပန်းဆက်သွယ်ရေး အခြေအနေကိုပါပေါ်လွင် အောင်ထည့်သွင်းရေးသားရန်) | |
| (၄) | မြေမျက်နှာသွင်ပြင် | - | |
| (၅) | မိုးရွာသွန်းမှုအခြေအနေ | - | |
| (၆) | အိမ်ခြေအရေအတွက် | - | |
| (၇) | အိမ်ထောင်စုအရေအတွက် | - | |
| (၈) | လူဦးရေ | - | |
| (၉) | ကျေးရွာအခြေခံဗဟုသုတရှိမှု | - | |
| (၁၀) | ကျန်းမာရေးဆေးပေးခန်းရှိမှု | - | |
| (၁၁) | အိမ်တွင်းထုတ်လုပ်မှုလုပ်ငန်းများ ထူထောင်ထားရှိမှု | | |

(၁၂) ကျေးလက်ဒေသဖွံ့ဖြိုးရေး
လုပ်ငန်းဆောင်ရွက်ထားရှိမှု - (မရှိက ဆောင်ရွက်မည့် အစီအစဉ်ဖော်ပြရန်)
(၁၂-၁)(၁)ရွာ(၁)ကေစိုက်ခင်း -
(၁၂-၂)(၁)အိမ်ထောင်သစ်မှာ
(၂၀)ပင်၊ ကျွန်း(၃)ပင် -

(၁၃) ရေရရှိခြင်းအခြေအနေ -(မရှိက ဆောင်ရွက်မည့် အစီအစဉ်ဖော်ပြရန်)
(၁၃-၁)ရေကန် -
(၁၃-၂)အဝီစိတွင်း -
(၁၃-၃)ရေလှောင်တမံ -

(၁၄) ကွင်းဆင်းရွေးချယ်အဖွဲ့ဖွဲ့စည်းခြင်း

| **စဉ်** | **အမည်** | **ရာထူး** | **တာဝန်** |
| --- | --- | --- | --- |
| ၁။ | | | အဖွဲ့ခေါင်းဆောင် |
| ၂။ | | | အဖွဲ့ဝင် |
| ၃။ | | | အဖွဲ့ဝင် |

(၁၅) စိုက်ပျိုးမြေ(ဧက) -
(၁၅-၁)နှမ်း -ဧက
(၁၅-၂)ပဲစင်းငုံ -ဧက
(၁၅-၃)မြေပဲ -ဧက(စသည်များဖော်ပြရန်)

(၁၆) ထင်းလောင်စာရှားပါးမှုအခြေအနေ -(ကျေးရွာတွင်ထင်းရှားပါးမှု အခြေအနေကိုဖော်ပြရန်)

(၁၇) ထင်းအစားအခြားလောင်စာရရှိနိုင်မှုပမာဏ
(၁၇-၁)နှမ်းရိုးတစ်ဧက( )တန်နှုန်း×( )ဧက =( )တန်
(၁၇-၂)ပဲစင်းငုံရိုးတစ်ဧက( )တန်နှုန်း×( )ဧက=( )တန်
(၁၇-၁)မြေပဲရိုးတစ်ဧက( )တန်နှုန်း×( )ဧက =( )တန်
(စသည်များဖော်ပြပေးရန်) စုစုပေါင်း =( )တန်

(၁၈) ထင်းအစားအခြားလောင်စာလိုအပ်မှုအခြေအနေ

(၁၈-၁)အိမ်ထောင်စု(၁)စု(၁)နှစ်

လိုအပ်ချက် = (  )တန်

(၁၈-၂)အိမ်ထောင်စု(  )စု (၁)နှစ်

လိုအပ်ချက် = (  )တန်

ကျေးရွာ၏ အိမ်ထောင်စုများအနေဖြင့် စိုက်စွန့်ပစ္စည်းသုံးစွဲမှု(၁)နှစ် (  )တန် လိုအပ်ပါသည်။ ထွက်ရှိမှုမှာ(၁)နှစ်(  )တန်ဖြစ်ပါ၍ လုံလောက်ပါသည်။(အခြားဖော်ပြရန်ရှိပါက ဖော်ပြရန် ဥပမာ- ထန်းလက်၊ထန်းသီးခြောက်များ အစားထိုးသုံးစွဲနိုင်မှု)

(ခ) ထင်းအစားအခြားလောင်စာသုံးစွဲသော စံပြကျေးရွာအဖြစ် ဆောင်ရွက်ပုံအဆင့်ဆင့်-

……………………တိုင်းဒေသကြီး၊…………………ခရိုင်၊……………… မြို့နယ်………………ကျေးရွာအား ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာ ဖြစ်ပေါ်လာစေရေးအတွက် အောက်ပါအတိုင်း စည်းရုံးဆောင်ရွက်ခဲ့ပါသည်-

(စံပြကျေးရွာအဖြစ် ဖော်ဆောင်နိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးမှု စတင်ဆောင်ရွက်ခဲ့ပါသည်။ စည်းရုံးဟောပြောခြင်း၊ လက်ထောက်ညွှန်ကြားရေးမှူးမှ ကွင်းဆင်းစစ်ဆေးအတည်ပြုခြင်း၊ ဆိုင်းဘုတ်စိုက်ထူခြင်း၊ ညွှန်ကြားရေးမှူးမှ ကွင်းဆင်းစစ်ဆေးအတည်ပြုခြင်း စသည်တို့ကို အဆင့်ဆင့်ဖော်ပြသွားရန်)

၂။ သို့ဖြစ်ပါ၍ ……………………တိုင်းဒေသကြီး၊………………………..ခရိုင်၊……………………… မြို့နယ်၊…………………..ကျေးရွာအုပ်စုမှ …………………ကျေးရွာသည် ထင်းကိုလုံးဝအသုံးမပြုတော့ဘဲ အခြားလောင်စာဖြစ်သော စိုက်စွန့်ပစ္စည်း…………………………တို့ကို ရွာလုံးကျွတ်သုံးစွဲနေပြီ ဖြစ်သဖြင့် (  )ရက်နေ့တွင် ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာဖြစ်သည်ဟု ကြေညာ၍ ဆိုင်းဘုတ်စိုက်ထူပြီး ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

ရက်စွဲ။ - ဦးစီးအရာရှိ

၃။ လက်ထောက်ညွှန်ကြားရေးမှူး၏ သုံးသပ်ချက်(ကျေးရွာ၏ စိတ်ဝင်စားမှုနှင့် ပူးပေါင်းပါဝင်မှု အခြေ အနေ)

.......................................................................................................................................

.......................................................................................................................................

.......................................................................................................................................

........................................................................................................................................

ရက်စွဲ။ - လက်ထောက်ညွှန်ကြားရေးမှူး

၄။ ညွှန်ကြားရေးမှူး၏ သုံးသပ်ချက်(ကျေးရွာ၏ စိတ်ဝင်စားမှုနှင့် ပူးပေါင်းပါဝင်မှု အခြေအနေ)

.......................................................................................................................................

.......................................................................................................................................

.......................................................................................................................................

........................................................................................................................................

ရက်စွဲ။ - ညွှန်ကြားရေးမှူး

## လုပ်ငန်းစဉ်-၇။ ထူးချွန်စံပြကျေးရွာ သတ်မှတ်ခြင်း

ဘဏ္ဍာနှစ်အတွင်း တည်ထောင်ပြီးစံပြကျေးရွာများအနက် ထူးချွန်စံပြကျေးရွာများကိုလည်း သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း စည်းကမ်းချက်များနှင့်အညီ ရွေးချယ်၍ အားပေးကူညီခြင်း အသိအမှတ်ပြုခြင်းများကို နှစ်စဉ်ဆက်လက် ဆောင်ရွက်မည်ဖြစ်ရာ ထူးချွန်စံပြရွာရွေးချယ်ရာတွင် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ခြင်း၊ အချိန်ကိုက် ဆောင်ရွက်နိုင်ခြင်း၊ မြို့နယ်/ ခရိုင် အဆင့်ဆင့်၏ ကွင်းဆင်းစည်းရုံးအားထည့် ဆောင်ရွက်ခြင်းတို့ကိုပါအခြေခံစဉ်းစားရွေးချယ်သွားမည်ဖြစ်သည့်အပြင်ဝန်ထမ်းအဆင့်ဆင့်၏စွမ်းဆောင်ရည်ကိုပါသုံးသပ်အကဲဖြတ်၍ဝန်ထမ်းထူးချွန်ဆုပေးအပ်ခြင်း၊ မြို့နယ်ဘက်စုံ ထူးချွန်ဆုပေးအပ်ရာတွင် ထည့်သွင်းစဉ်းစားခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဝန်ထမ်းအဆင့်ဆင့်က နားလည်သဘောပေါက် ကြိုးစားကြရန်လိုအပ်ပါသည်။



**ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာအတည်ပြုချက်ပုံစံ**

**အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊------------------တိုင်းဒေသကြီး/ -------ခရိုင်/**

**--------------------မြို့နယ် /-------------------ကျေးရွာအား ( )ဘဏ္ဍာနှစ်**

**ထင်းအစားအခြားလောင်စာသုံးစံပြကျေးရွာအတည်ပြုချက်အစီရင်ခံစာ**

၁။ ထင်းလောင်စာရှားပါးမှုအခြေအနေ ------------------------------------------
------------------------------------------
------------------------------------------
------------------------------------------

၂။ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများသုံးစွဲမှု
အခြေအနေ ------------------------------------------
------------------------------------------
------------------------------------------

၃။ စွမ်းအားမြင့်အေဝမ်းမီးဖိုဖြန့်ဝေ
သုံးစွဲမှုအခြေအနေ ------------------------------------------
------------------------------------------
------------------------------------------

၄။ ကျေးရွာ၏ အခြေခံဇဟုသုတရရှိမှု
အခြေအနေ ------------------------------------------
------------------------------------------
------------------------------------------

